The Mirror Daily
၁၉၅၇ ခုနှစ် ဇြပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 28 May 2019 ၉၆၆၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် အာဆီယံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ AHA Centre နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့်ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) က ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာခြင်း (Preliminary Needs Assessment) ၏ လေ့လာတွေ့ရှိချက်များနှင့် ၎င်း၏ အစီရင်ခံစာပါအကြံပြုချက်များ အကောင်အထည်ဖော်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ယနေ့ဖတ်စရာ

### အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

စာမျက်နှာ » ၃

### ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန်တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်က အတည်ပြု



စာမျက်နှာ » ၄

### ကျိုင်းတုံမြို့ ရှေးဟောင်းမြို့ရိုးနှင့် ကျုံးနေရာ ရေရှည်တည်တံ့ကြံ့ခိုင်အောင် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်



စာမျက်နှာ » ၅

### တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၈

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

# အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဂျိုကိုဝီဒိုဒို ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှလည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့သည်။

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချ၊ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမြဟန်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်းရှိ အဆင့်မြင့်ဥစားကြက်ခြံတွင် ကြက်များမွေးမြူထားရှိမှုနှင့် အထည်ချုပ်စက်ရုံ တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ၌ ၂၀၁၇ ခုနှစ်တွင် အခြားအဆင့်နေအိမ် နှစ်ခန်းတွဲ ခြောက်ထပ် ခုနစ်လုံး ဆောက်လုပ်ပြီးစီးပြီဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အခြားအဆင့် နေအိမ် နှစ်ခန်းတွဲ ခြောက်ထပ် သုံးလုံးအား ထပ်မံတည်ဆောက်လျက်ရှိရာ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်သည်။

ထို့ပြင် စစ်မှုထမ်းဟောင်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်း အထည်ချုပ်စက်ရုံအား တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ အနီးရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက်သို့ ရောက်ရှိပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် Steel Structure သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်းရှိ ယခင်ကျောင်းဆောင်မှာ နှစ်ကာလကြာမြင့်၍ ယိုယွင်းပျက်စီးကာ အန္တရာယ်ရှိသည့် အဆောက်အအုံတစ်ခုဖြစ်သဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းမှုဖြင့် ၂၀၁၈ ခုနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၉၄ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။ ယခု ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးပါက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၅၅၀ အထိ လက်ခံသင်ကြားပေးနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)၏ စီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်စတင်ရန် မြန်မာနိုင်ငံ၏ အဆင်သင့်ဖြစ်မှုကို အသိပေးပြောကြား

**နေပြည်တော် မေ ၂၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် မြန်မာနိုင်ငံ၏ ပြင်ဆင်ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များနှင့် အဆင်သင့်ဖြစ်မှုအခြေအနေများကို အသိပေးပြောကြားပြီး အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT)က ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာခြင်း (Preliminary Needs Assessment) အစီရင်ခံစာပါအကြံပြုချက်များ အကောင်အထည်ဖော်ရေး၊ အလုံးစုံလိုအပ်ချက် ဆန်းစစ်လေ့လာခြင်း (Comprehensive Needs Assessment) မစတင်မီ အာဆီယံက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံကိန်းများနှင့် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အထောက်အကူဖြစ်စေမည့် အာဆီယံ၏ အပြုသဘောဆောင်သော အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်ကအတည်ပြု



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ
ဦးတင်ထွန်းနိုင်



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ဆိပ်ကမ်းမဲဆန္ဒနယ်မှ
ဦးတင်မောင်ဝင်း



ထားဝယ်မဲဆန္ဒနယ်မှ
ဦးအောင်စိန်



ပွင့်ဖြူမဲဆန္ဒနယ်မှ
ဦးထွန်းထွန်း

**နေပြည်တော် မေ ၂၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန်တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ ဒေါ်စိုးနွယ်အေး တံတားဦးမဲဆန္ဒနယ်က ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြထားသောကြောင့် ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

## ဆိပ်ကြီးခနောင်တိုမြို့အား မြို့တော်ကြီးနှင့် အဆက်အသွယ်ကောင်းများ ဖြစ်ထွန်းလာရန် လိုအပ်လျက်ရှိသော တံတားတစ်စင်းတည်ဆောက်ပေးရန် လတ်တလော အစီအစဉ်မရှိသေး

ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၏ **ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့အား မြို့တော်ကြီးနှင့်အဆက်အသွယ်ကောင်းများ ဖြစ်ထွန်းလာရန် လိုအပ်လျက်ရှိသော တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဆိုပါတံတားသည် ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ပြီးပါက ရန်ကုန်မြို့တွင်းသို့ ဒလမှတစ်ဆင့် အလွယ်တကူ သွားရောက်နိုင်ရန်အတွက် တွံတေးတူးမြောင်းကိုဖြတ်၍ ဆိပ်ကြီးခနောင်တိုမြို့နှင့်ဒလမြို့တို့အား ဆက်သွယ်တည်ဆောက်ရမည့် တံတားဖြစ်ပါကြောင်း။

အဆိုပါ တံတားတည်ဆောက်ရာတွင် တွံတေးတူးမြောင်းကိုဖြတ်၍ တည်ဆောက်ရမည်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီ တံတားကြီးများ ပုံစံဖြင့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ခန့်မှန်းအရှည်ပေ ၃၆၀၀ ခန့်ဖြစ်ပြီး လက်ရှိ တွံတေးကြိုးတံတားကဲ့သို့ တည်ဆောက်ရမည်ဖြစ်သည့်အတွက် လုပ်ငန်းပမာဏကြီးမားပြီး ကုန်ကျစရိတ်များပြားမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရောဝတီမြစ်ကူးတံတား၊ ချင်းတွင်းမြစ်ကူးတံတားကြီးများအပါအဝင် တည်ဆောက်ဆဲတံတားကြီးများ ၁၆ စင်း ရှိနေပါသဖြင့် အဆိုပါတံတားအား လတ်တလောတည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု (Pre Feasibility Study) ကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ထိုင်းနိုင်ငံနယ်စပ် ကချနာပူရီမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ (၂)လမ်းသွားကတ္တရာလမ်း အဆင့်မြှင့်ဆောက်လုပ်ရန်စီမံကိန်းအတွက်** Neighbouring Countries Economic Development Cooperation (NEDA) **ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန် ပြည်ထောင်စုလွှတ်တော်က(၂၆-၃-၂၀၁၈) ရက်နေ့တွင် သဘောတူအတည်ပြုပြီးဖြစ်ရာ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့်** NEDA **ထံမှ ချေးငွေလက်ရှိရယူခြင်းမရှိသေးပါက ပြည်ထောင်စုရန်ပုံငွေဖြင့်ပင် ပျက်စီးနေသောလမ်းပိုင်းများကို ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **ဘုန်ဟုန်းလမ်းခွဲမှ လာလွီး၊ ဘွေရိန်၊ ဒိုင်နှိုင်းနှင့် ခွာဟုန်းကျေးရွာတို့ကို ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ (ခ) ဦးရွှေလှဝင်း၏ **သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ် (၃၀) ရပ်ကွက်တွင် ရပ်ကွက်စတင်တည်စဉ်ကတည်းက ရပ်ကွက်အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ပေးခဲ့သော မူလပန်းခြံကို ဂရန်ရပြီးဟု အကြောင်းပြကာ အုတ်တံတိုင်းကာရံခြံဝင်းခတ်ခြင်း၊ လမ်းများဖြတ်တောက်ပိတ်ဆို့ခြင်းတို့ကို ပြန်လည်စိစစ်၍ မူလအတိုင်း အများပြည်သူပိုင် ပန်းခြံအဖြစ် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ **ဝန်းသိုမြို့နယ် ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူးလမ်းပေါ်ရှိ ပျက်စီးနေသော ဆင်ကုန်း-ဝန်းသို လမ်းပိုင်းအား ပြင်ဆင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားအမှတ် (၆/၂၀) ဒုံးဒုတ်တံတားအား ကွန်ကရစ်တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ပေးရန် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရှင်းလင်းဖြေကြားသည်။

## မူလတန်းကြိုကျောင်းများကို နှစ်စဉ်စီမံချက်ဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ပွင့်ဖြူမြို့နယ်အတွင်းရှိ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနမှ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများကို လွှဲပြောင်းလက်ခံရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ပွင့်ဖြူမြို့နယ်အတွင်းမှ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ ရေရှည်ရပ်တည်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ တည်ထောင်ခွင့်ပြုမိန့်ရရှိရန် ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်ပြီး တည်ထောင်ခွင့်ပြုမိန့်ရရှိထားပြီးသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆရာမလစာများ ထောက်ပံ့ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းနှင့် နည်းပညာပံ့ပိုးကူညီပေးခြင်းများကို အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် ရရှိထောက်ပံ့နိုင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မူလတန်းကြိုကျောင်းများကို နှစ်စဉ်စီမံချက်ဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးသော ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများကို လူမှုဝန်ထမ်းဦးစီးဌာန၏ ဌာနပိုင်မူလတန်းကြိုကျောင်းများအဖြစ် အပ်နှံလွှဲပြောင်းလိုပါက သတ်မှတ်ထားသော အချက်အလက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပြီး လွှဲပြောင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု) မြို့နယ်ရှိ ရောဝတီမြစ်ရေနစ်ခြင်းကြောင့် မြစ်ရေကြီးချိန်တွင် နေထိုင်ရေးအခက်အခဲတွေ့နေသော ဒေသခံပြည်သူများအခက်အခဲဖြေလျှော့နိုင်ရေးအတွက် ရေဘေးရှောင် အဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ဥပဒေပြုပြီးနောက်စိစစ်ခြင်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်နှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်တို့က ဆွေးနွေးကြသည်။

ထို့နောက် အဆိုပါ အစီရင်ခံစာအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်တို့က ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးတင်ထွန်းနိုင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထား ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၉)**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းသည့် **မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေးဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန်တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အမရပူရ မဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်က ယခုအခါ တိုးတက်လာသည့် နည်းပညာများဖြင့် အန္တရာယ်မရှိသလောက် ဘေးထွက်ဆိုးကျိုးနည်းပါးသည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ သုံးစွဲနေသည်ကို တွေ့ရပါကြောင်း၊ လေထုညစ်ညမ်းမှုကို အထူးအလေးထားသည့် တရုတ်၊ ဂျပန် နိုင်ငံများတွင် ၄၀ ရာခိုင်နှုန်းခန့် သုံးစွဲနေပြီး ယခုလည်း ထပ်မံတည်ဆောက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ၏ ထုတ်လုပ်မှုသည် ပြည်သူများထင်ထားသကဲ့သို့ အန္တရာယ်မရှိကြောင်းကိုလည်း ရှင်းပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုအစိုးရက ပြည်သူလူထုအား မထိခိုက်စေဘဲ သုံးစွဲသူများလည်း ခံနိုင်ရည်ရှိမည့် လျှပ်စစ်ဓာတ်အားခနှုန်းပြောင်းလဲ ပြင်ဆင်သတ်မှတ်ရေးအတွက် စီစဉ်နေကြောင်းကိုလည်း သိရပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိလာရန်အတွက် အဆိုအား လွှတ်တော်မှ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက မူဝါဒသည် နိုင်ငံတော်အဆင့် တစ်နည်းအားဖြင့် အမျိုးသားအဆင့် မူဘောင်သတ်မှတ်ချက် ဖြစ်ပါကြောင်း၊ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအားလုံး ထိုမူဘောင်အတွင်းတွင် ရှိစေရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အရေးအကြီးဆုံးသည် အမျိုးသားရေးမူဝါဒ ချမှတ်ခြင်းဖြစ်ပါကြောင်း၊ ထိုမူဝါဒချမှတ်သည့်နေရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကမ္ဘာ့အတွေ့အကြုံရှိသည့် နိုင်ငံ၊ အဖွဲ့အစည်းတို့၏ အကူအညီများကို ရယူရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ စွမ်းအင်မူဝါဒကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက အပြီးသတ်ထုတ်ပြန်ခဲ့သည်ကို သိရပါကြောင်း၊ မူဝါဒရည်မှန်းချက်တာဝန်များချမှတ်ပြီးနောက် ဝန်ကြီးဌာနအလိုက် မဟာဗျူဟာနှင့် Master Plan များ၊ ဥပဒေ၊ နည်းဥပဒေများ ဆက်လက်ရေးဆွဲခဲ့ပါကြောင်း၊ လိုအပ်သည့် နောက်ဆက်တွဲလုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လက်တွေ့မြေပြင်တွင် တွေ့မြင်နေရသည့် ၂၀၁၅ ခုနှစ်ကတည်းက ဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် NEP စီမံကိန်းသည် ၄ နှစ်ကြာခဲ့သော်လည်း ယနေ့အချိန်အထိ ပျော်ဘွယ်တွင် စီမံကိန်းပါ ကျေးရွာများ လျှပ်စစ်မီးမလင်းသေးသည့်အတွက် အမြန်ဆုံး ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး၊ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်နှင့် ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင်တို့က ဆွေးနွေးကြသည်။

စာမျက်နှာ ၅ သို့ ❖

# ကျိုင်းတုံမြို့ ရှေးဟောင်းမြို့ရိုးနှင့်ကျုံးနေရာ ရေရှည်တည်တံ့ကြံ့ခိုင်အောင် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်

**နေပြည်တော် မေ ၂၇**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြင်ဆင်ချက် ဥပဒေကြမ်း(၂)ခု အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ကျိုင်းတုံမြို့၏ ရှေးဟောင်းအဆောက်အအုံဖြစ်သည့် မြို့ရိုးနှင့်ကျုံးကို လောလောဆယ်အားဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ကာကွယ်ရန် အစီအစဉ်မရှိသေး

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၏ **ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၏ ရှေးဟောင်းအဆောက်အအုံဖြစ်သည့် မြို့ရိုးနှင့်ကျုံးကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ကျိုင်းတုံမြို့ရိုးနှင့်ကျုံးပေါ်တွင် အခိုင်အမာ အဆောက်အအုံများ ရှိနေခြင်းနှင့် ကျန်ရှိနေသည့် ပါလျှန်တံခါးနှင့် ယန်းခမ်းမြို့ရိုးကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်အတူ ပူးပေါင်း၍ ထိန်းသိမ်းထားခြင်းတို့ကြောင့် လောလောဆယ်အားဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ကာကွယ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ရှေးဟောင်းအဆောက်အအုံဖြစ်သည့် ကျိုင်းတုံမြို့ရိုးနှင့် ကျုံးနေရာတွင် ထပ်မံကျူးကျော်နေထိုင်မှုများ၊ တိုးချဲ့တည်ဆောက်မှုများမရှိစေရန်နှင့် မြေပေါ်မြေအောက်တွင် ကျန်ရှိသည့် မြို့ရိုးနှင့် ကျုံးနေရာများ ထပ်မံပျက်စီးမှုများမရှိစေရေး၊ ရေရှည်တည်တံ့ကြံ့ခိုင်အောင် ထိန်းသိမ်းနိုင်စေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံများ၊ လက်ရှိ နေထိုင်သူများဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

## နိုင်ငံရေးသိပ္ပံဘာသာရပ် သင်ကြားရေးကို အခြားသော ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်အချို့တွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်၏ **ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့အပြင် အခြား ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တချို့တွင် "နိုင်ငံရေးသိပ္ပံ" ပညာကို အထူးပြုဘာသာအဖြစ် သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လက်ရှိအခြေအနေတွင် နိုင်ငံရေးသိပ္ပံဘာသာရပ်သင်ကြားရေးကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တွင်သာ ဖွင့်လှစ်ထားရှိပြီး နိုင်ငံရေးသိပ္ပံပညာရှင်များ၊ သင်ကြားရေးဆရာ ဆရာမများ အလုံအလောက် လေ့ကျင့်ရရှိပြီးမှသာ ဆက်လက်တိုးချဲ့ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် အခြားသော ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်အချို့တွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် လက်ရှိဖွင့်လှစ်သင်ကြားနေသည့် သင်တန်းသားအရေအတွက်ကိုလည်း တိုးချဲ့လက်ခံပေးရန်အတွက် သက်ဆိုင်ရာပညာရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ ၂၀၁၈ခုနှစ်၊ ဇွန်လတွင် မူလတန်းပြ (နေ့စားလပေး) လျှောက်လွှာခေါ်ယူပြီး မြို့နယ်အတွင်းရှိ နဝမတန်းအောင်၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ (၃၅၀၀)ကျော် လျှောက်ထားဖြေဆိုခဲ့ကြသော်လည်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ ခန့်ထားခြင်းမရှိသည့်အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မတိုင်မီ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် မူလတန်းပြ ဆရာ လိုအပ်မှုရှိခြင်းကြောင့် သင်ကြားရေးအထောက်အကူပြု နေ့စားလပေးများ ဖြည့်ဆည်းခန့်ထားပေးရန် ပလက်ဝမြို့နယ်အတွင်းရှိ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရဒေသခံများ လျှောက်လွှာခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပလက်ဝမြို့နယ်အတွင်းရှိ နေ့စားလပေး လျှောက်ထားသူများအနက်မှ ၁၉၁ ဦးကို စိစစ်ရွေးချယ်ခန့်ထားပြီး ချင်းပြည်နယ် ပညာရေးမှူးရုံးမှ အခြေခံပညာ ဦးစီးဌာနသို့ တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စိစစ်ထားသူများကို နေ့စားလပေးခန့်ထားရေးအတွက် ဆောင်ရွက်ရာတွင် ရန်ပုံငွေခွင့်ပြုချက်ရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပလက်ဝမြို့နယ်အတွင်း အမှန်လိုအပ်မှုဖြစ်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ အချက်များကို စိစစ်ပြီးမှသာ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။




ဒုတိယဝန်ကြီး ဦးကြည်မင်း



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ ဦးကျော်တုတ်



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်ကျော်ဇံ



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးကျော်သောင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ်၊မြောက်ဦးမြို့၏ မြို့တည်နန်းတည် လေးမျက်နှာဘုရားပုထိုးတော်ကြီးအတွင်းရှိ ကျောက်ဆင်းတုတော်ဘုရားများ ဖျက်ဆီးခံရခြင်းကို ဖော်ထုတ်ဖမ်းဆီး အရေးယူပေးခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ရခိုင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ သာသနိကအဆောက်အအုံများရှိ နဝရူပဗျာလ် ရုပ်တုများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)၏ လူသားမျိုးနွယ်တို့၏ နှုတ်မှုဆိုင်ရာ လက်ရာမွန်များနှင့် ဒြပ်မဲ့အမွေအနှစ်များအား လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## KG သင်ရိုးနှင့်ကိုက်ညီသော သင်ထောက်ကူပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးရန်နှင့် KG ဆရာ ဆရာမများ သီးသန့်ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါ်အိအိပြုံး၏ **KG သင်ရိုးနှင့်ကိုက်ညီသော ဂီတဆိုင်ရာ အထောက်အကူပြုပစ္စည်းများအပါအဝင် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား လာမည့်ဘဏ္ဍာနှစ်တွင် လုံလောက်စွာထောက်ပံ့ပေးရန်နှင့် KG ဆရာ ဆရာမများ သီးသန့်ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့၊ မဲသမူကျေးရွာအုပ်စု၊ ကရီးဖိုးကွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (120' x 30')RC တစ်ထပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင် အခြေခံပညာမူလတန်း(လွန်)ကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍(90'x30')RC နှစ်ထပ်ဆောင်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြ၍** ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို မေ ၂၈ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

---

❖ စာမျက်နှာ ၄ မှ

ယင်းအဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မိမိတို့နိုင်ငံတွင် လျှပ်စစ်စွမ်းအင်လုံလောက်အောင် ဖြည့်ဆည်းရန် စက်တပ်ဆင်အား စုစုပေါင်းနှင့် တွက်၍မရပါကြောင်း၊ လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၅၅၃၄ မဂ္ဂါဝပ် စက်တပ်ဆင်အားရှိသည့် မိမိတို့နိုင်ငံ၏ အခြေအနေကို လေ့လာမည်ဆိုပါက ရေအားမှ ၅၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၃၉ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှနှစ်ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

မိမိနိုင်ငံတွင်ရှိသည့် အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချရေးဆိုသည့် ရှုထောင့်မှလည်း လုပ်ဆောင်သင့်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် နှစ်စဉ်ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာအောင် လုပ်သင့်ပါကြောင်း၊ သို့သော် ရေအားလျှပ်စစ်ကို ရာနှုန်းအလွန် ပြုလုပ်ပါက ရာသီဥတုအပေါ်တွင် မူတည်နေသည့် အမျိုးအစားဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် နှစ်စဉ်လျှပ်စစ်စိတ်ချလက်ချ ဖြန့်ဖြူးရေးအတွက် များစွာအားနည်းချက် ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အချိုးကျဆောင်ရွက်သင့်သောကြောင့် ၂၀၃၀ ပြည့်နှစ် Master Plan အရ Generation Mix အား အချိုးအစားမှန်စွာဆောင်ရွက်ပြီးလျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် စီစဉ်ထားပါကြောင်း။

ထို့ကြောင့် အဆိုသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လက်ရှိဆောင်ရွက်နေသည့် ရည်ရွယ်ချက်များဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်၏ တင်သွင်းသည့်အဆို၏ ရည်ရွယ်ချက်သည် နိုင်ငံအတွက် အမှန်တကယ် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် အဆိုကို ဝန်ကြီးဌာနက လေးနက်စွာ ထောက်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## သတင်းစာရှင်းလင်းပွဲ

»» ကျောဖုံးမှ

တစ်ခု၊ အသစ်ရေးဆွဲသည့် ဥပဒေနှစ်ခုတို့ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး နှစ်ရုံး၊ နယ်မြေရဲစခန်း ၁၇ ခု၊ ရဲကင်းစခန်း ခြောက်ခု၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခုတို့အား အသစ်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမှုခင်းများနှင့် လူမှောင်ခိုရှေ့ပြောင်းသွားလာမှုခင်းများအပြင် အခြားမှုခင်းများကို အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL)၊ ဥရောပရဲအဖွဲ့(EUROPOL)၊ နိုင်ငံအလိုက် ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယ(၁)နှစ်တာကာလအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ-တရုတ် နယ်စပ်ဆက်ဆံရေးရုံးနှစ်ရုံး အသစ်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဆက်ဆံရေးရုံး (BLO) စုစုပေါင်း ၁၃ ရုံးဖွင့်လှစ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယ (၁)နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်၊ ပျံ့နှံ့မှုကို တားဆီးနှိမ်နင်းရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စီမံချက် ၁၁ ကြိမ် ရေးဆွဲဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၂၃၈၃ မှုနှင့် တရားခံ စုစုပေါင်း ၃၃၃၉ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသားများ ပြည်တွင်း၊ ပြည်ပတွင် လူကုန်ကူးခံရမှုများအား ထိရောက်စွာ ကာကွယ်တားဆီးခဲ့ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူမှု ၅၁၀ မှုရှိပြီး တရားခံပေါင်း ၁၄၅၈ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကာ လူကုန်ကူးခံရသူပေါင်း ၈၈၉ ဦးအား ကယ်တင်နိုင်ခဲ့ပါကြောင်း။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် စီးပွားရေးပြစ်မှုများနှင့် ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေးတို့ကို ဆောင်ရွက်လျက်ရှိရာ တတိယ (၁) နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့်အမှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်စုံစမ်းစစ်ဆေးခဲ့သည့်အမှုများနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က တာဝန်ပေးအပ်လာသည့်အမှု စုစုပေါင်း ၅၂၈ မှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ယင်းတို့အနက်မှ စီးပွားရေးဆိုင်ရာပြစ်မှု ၁၃၆ မှုနှင့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ဝန်ထမ်းမသမာမှု ၁၅၉ မှုကို စုံစမ်းစစ်ဆေးနိုင်ခဲ့ပါကြောင်း။

**တိုးချဲ့ဆောက်လုပ်ပေး**

အကျဉ်းဦးစီးဌာနသည် အကျဉ်းသား အကျဉ်းသူများ အကျဉ်းထောင်များအတွင်း နေရာကျပ်တည်းမှုများ ဖြေလျော့နိုင်ရေးအတွက် တတိယ (၁)နှစ်တာကာလအတွင်း အကျဉ်းထောင် နှစ်ခု၊ အချုပ်ထောင် နှစ်ခု ထပ်မံဆောက်လုပ်ပေးနိုင်ခဲ့ပြီး အကျဉ်းထောင် သုံးခုနှင့် အချုပ်ထောင် တစ်ခုတို့အား တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါကြောင်း။

အကျဉ်းသားများ၏ စားစရိတ်အနေဖြင့် အကျဉ်းထောင်ရှိ အကျဉ်းသားတစ်ဦးလျှင် တစ်နေ့ ၉၇၅ ကျပ်နှုန်း၊ စခန်းရှိ အကျဉ်းသားတစ်ဦးလျှင် တစ်နေ့ ၁၀၀၀ ကျပ်နှုန်းဖြင့် နေ့စဉ်ကျွေးမွေးလျက်ရှိပြီး အကျဉ်းသားလွတ်သူတစ်ဦးလျှင် ခရီးစရိတ်တစ်မိုင်လျှင် ၃၅ ကျပ်နှုန်းဖြင့် စားစရိတ်အဖြစ် တစ်ရက်လျှင် ၁၀၀၀ ကျပ်နှုန်း တိုးမြှင့်ထုတ်ပေးလျက်ရှိပါကြောင်း။

အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်ပေးမှုအနေဖြင့် အင်းစိန်၊ မန္တလေး၊ သာယာဝတီ စသည့် ဗဟိုအကျဉ်းထောင် သုံးခုတွင် ခုတင် (၅၀) ဆံ့ဆေးရုံတစ်ခုစီနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တီဘီလူနာကုသဆောင် ဆောက်လုပ်ထားရှိပြီး အကျဉ်းသားလူနာများကို ကုသပေးလျက်ရှိပါကြောင်း။

အကျဉ်းသား အကျဉ်းသူများအား အတန်းပညာဆက်လက်သင်ကြားပေးခြင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၁၀၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၄၃ ဦး၊ အကျဉ်းသူလေးဦး အောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး ထွက်ပေါ်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ၁၇၁ ဦး ဝင်ရောက်ဖြေဆိုထားပါကြောင်း။



**ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး ရှင်းလင်းပြောကြားစဉ်။**

အကျဉ်းသားများ အဝေးသင်တက္ကသိုလ်တက်ရောက်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမနှစ် ကျောင်းသား ၁၅ ဦး၊ ဒုတိယနှစ်ကျောင်းသား ရှစ်ဦး၊ တတိယနှစ် ကျောင်းသား လေးဦး၊ စတုတ္ထနှစ်ကျောင်းသား တစ်ဦး စုစုပေါင်း ၂၈ ဦး ဖြေဆိုအောင်မြင်ခဲ့ပါကြောင်း။

**နိုင်ငံတော်သို့ ပေးသွင်းနိုင်**

မီးသတ်ဦးစီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ အထပ်မြင့်အဆောက်အအုံ စစ်ဆေးအကြံပြုခြင်းဆောင်ရွက်ပေးခဲ့ရာ တတိယ (၁)နှစ်တာကာလအတွင်း အထပ်မြင့် အဆောက်အအုံ ၆၈၃၁ လုံးအတွက် စစ်ဆေးအကြံပြုပေးနိုင်ခဲ့သဖြင့် ဆောင်ရွက်ပေးမှုမှ ရငွေ ၁၃၁၄၄၅၅၁ ကျပ်ကို နိုင်ငံတော်သို့ ပေးသွင်းနိုင်ခဲ့ပါကြောင်း။

ခေတ်မီ၍ စွမ်းအားပြည့်ဝသော တပ်ဖွဲ့ဖြစ်စေရန်အတွက် ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်းကူညီထောက်ပံ့မှုချေးငွေ (Organization for Economic Co-operation and Development-OECD) မှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (Official Development Assistance - ODA) အစီအစဉ်ဖြင့် ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေဖြင့် ခေတ်မီမီးငြိမ်းသတ်ရေးယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၇၅ စီးနှင့် စက်ကိရိယာများ၊ ဆက်စပ်ပစ္စည်းများ ဝယ်ယူခဲ့ပြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များအား ပိုလန်နိုင်ငံမီးသတ်တက္ကသိုလ်သို့ သွားရောက်လေ့ကျင့်ခြင်းများဆောင်ရွက်ခဲ့ပြီး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် မီးသတ်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်အပါအဝင် မတော်တဆဖြစ်စဉ်များတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ သုံးနှစ်တာကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၄၉၈၅ ကြိမ်ရှိပြီး သေဆုံးသူ ၁၇၆၅ ဦး၊ ဒဏ်ရာရရှိသူ ၇၃၆၁ ဦး၊ ပျက်စီးခဲ့သည့် အိမ်ခြေ ၁၂၁၃၂၉ လုံး၊ ဒုက္ခရောက်ရှိခဲ့သူ ၃၀၃၇၆၃ ဦးအား ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nations Country Task Force on Monitoring and Reporting (UN CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားရှိပါကြောင်း။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၁၀၇ ဦးကို အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၂၀၁၈ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ၇၅ ဦး၊ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ၃၂ ဦး စုစုပေါင်း ၁၀၇ ဦးကို အခမ်းအနားဖြင့် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း။



**ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး ရှင်းလင်းပြောကြားစဉ်။**

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့်သေးသူများ မပါရှိစေရေးအတွက် အရိုးဓာတ်မှန်ဖြင့် အသက်အရွယ် ပိုင်းခြားခြင်းစနစ်ကို အသုံးပြု၍လည်း တပ်သားလောင်း ၁၆၁၆ ဦးကို စစ်ဆေးနိုင်ခဲ့ခြင်းကြောင့် တတိယတစ်နှစ်တာကာလအတွင်း စုဆောင်းမှုနည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် ဖြစ်စဉ်များပေါ်ပေါက်ခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

တပ်မတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားပြီး လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

**ထောက်ပံ့ပေးနိုင်ခဲ့**

နိုင်ငံတော်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရာ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြုပြင်ပေးခြင်းအနေဖြင့် ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ အိမ်ခြေ ၄၆ လုံး၊ အိမ်ထောင်စု ၂၁၄ စုတို့ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉ သိန်းကျော် ထောက်ပံ့ပေးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့တွင် သာသနိကအဆောက်အအုံများ၊ အစိုးရအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြုပြင်ပေးခြင်းအနေဖြင့် ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်း၊ စာသင်ကျောင်း ၁၅ ကျောင်း၊ ဆေးရုံတစ်ရုံ၊ အိမ်ခြေ ၅၉၈ လုံး၊ အိမ်ထောင်စု ၁၀၂၀ စုတို့ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးစုစုပေါင်း တန်ဖိုးငွေကျပ် ၄၅ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတို့တွင် သာသနိကအဆောက်အအုံများ၊ အစိုးရအဆောက်အအုံများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြုပြင်ပေးခြင်းအနေဖြင့် ဘုရားစေတီ နှစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်း၊ စာသင်ကျောင်း ၂၁ ကျောင်း၊ အိမ်ခြေ ၉၁ လုံး၊ အိမ်ထောင်စု ၁၈၃၄၇ စုတို့ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ကုန်တန်ချိန် ၆ ဒသမ ၉၁ တန်၊ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် သယ်ပို့ပေးမှု ခေါက်ရေခြောက်ခေါက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၅ သန်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဆည်၊ တမံကျိုးပေါက်မှု၊ ရေတိုက်စားမှုတို့ဖြစ်ပွားခဲ့သည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်နှင့် ဆွာဘူတာအကြား၌ တပ်မတော်မှ City Bus မော်တော်ယာဉ် ၁၈ စီးဖြင့် ရထားဝန်ထမ်း ၅၀ နှင့် ရထားစီးခရီးသည် ၁၂၀၉ ဦးတို့ကို အပြန်အလှန် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

မြောင်းမြကြိုးတံတားပျက်စီးမှုကြောင့် ခရီးသွားလာရေး အခက်အခဲရှိသည့် ပြည်သူ ၅၅၂၃၇ ဦးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ တပ်မတော်(ရေ)မှ ကမ်းထိုးရေယာဉ် နှစ်စင်းဖြင့် ခေါက်ရေ ၁၂၄၃၂ ခေါက် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဝေးလံခေါင်းပါး၍ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ အထူးဆေးကုသရေးအဖွဲ့များ စေလွှတ်၍ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ပင်လယ်ကမ်းရိုးတန်းသွား ဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) အပါအဝင် ဆေးရုံရေယာဉ်နှင့် အကူရေယာဉ် စုစုပေါင်း လေးစင်းတို့ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ်လအထိ ဆေးကုသမှု ငါးကြိမ် သွားရောက်ခဲ့ပြီး လူနာ ၃၉၃၅၂ ဦးကို ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**ရှင်းလင်းပြောကြား**

ပြည်သူလူထုအတွင်း အဖြစ်များသော ရောဂါများအား ဓာတ်မှန်၊ တယ်လီဗီးရှင်းဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊ ECG တို့ဖြင့် စမ်းသပ်ရှာဖွေကုသပေးခြင်း၊ သွေးဖောက်စမ်းသပ်စစ်ဆေးခြင်း၊ အသေးစား၊ အကြီးစားနှင့် အရေးပေါ် ခွဲစိတ်ကုသမှုများ၊ မျက်စိခွဲစိတ်ကုသမှုများနှင့် သွားနှင့် ခံတွင်းဆိုင်ရာရောဂါများအား ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေးမှု နှစ်ကြိမ်၊ ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါနှင့် သွားရောဂါ စုစုပေါင်း ၁၄၂၂၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းများနှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ်ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၈၅၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ယနေ့အထိ တက္ကသိုလ်ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၉၀၄ ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(ရွာသစ်ကြီး)မှ ကျောင်းသား ကျောင်းသူများကို တပ်မတော်လေ့ကျင့်ရေးတပ်များတွင် အခြေခံစစ်ပညာသင်တန်း လေ့ကျင့်သင်ကြားပေးနိုင်ခဲ့မှုအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ၃၀၂ ဦး၊ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ၈၇၃၇ ဦးဖြစ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့တွင် ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ကျောင်းသား ကျောင်းသူ ၇၂၃ ဦးကို စစ်ပညာလေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဖွဲ့စည်းပုံအသစ် တိုးချဲ့ခွင့်ပြုပေး**

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာ ပြုပြင်ပြောင်းလဲတိုးတက်မှုများအနေဖြင့် ဆရာဝန်သစ်လွင် ၃၉၈၈ ဦး၊ သွားဆရာဝန် ၅၁၆ ဦး၊ သူနာပြု ၅၆၈၁ ဦး၊သားဖွား ၃၀၀၅ ဦး၊ သူနာပြု ၉၃၀၊ ဆေးဘက်ကျွမ်းကျင် ၂၄၀၈ ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၃၈၁ ဦး၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂) ၃၀၀၀ ကို အသစ်ခန့်ထားနိုင်ခဲ့ပါကြောင်း။

တိုက်နယ်ဆေးရုံပေါင်း ၂၁ ရုံ၊ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်း ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ၇၁ ခု၊ ဌာနခွဲပေါင်း ၂၀ ကို ဖွဲ့စည်းပုံအသစ်တိုးချဲ့ခွင့်ပြုပေးခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗဟိုအဆင့်ဆေးရုံကြီးများကို အဆင့်မြှင့်တင်ရေးလုပ်ငန်းအနေဖြင့် သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံတွင် ကျောက်ကပ်၊ အစာအိမ်အူလမ်းကြောင်းနှင့် ရင်ခေါင်းခွဲစိတ်ဆောင်များပါဝင်သည့် တိုးချဲ့ခြောက်ထပ်လူနာဆောင်၊ ရန်ကင်းကလေးဆေးရုံကြီးတွင် နှလုံးရောဂါဝေဒနာရှင် ကလေးသူငယ်များကို ဆေးဝါးကုသမှုနှင့် ခွဲစိတ်ကုသမှု

**စာမျက်နှာ ၇ သို့** ❐

❒ စာမျက်နှာ ၆ မှ
ဆောင်ရွက်နိုင်ရန် Cardiac Complex ခြောက်ထပ်ဆောင်၊ ရန်ကုန် ခုတင် (၅၀၀)ဆံ့ အထူးကု ဆေးရုံကြီးတွင် အသည်းနှင့်သည်းခြေလမ်းကြောင်း၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ခန်းများ၊ ခတ်မှန်ခန်း၊ ICU များပါဝင်သည့် တိုးချဲ့ခြောက်ထပ်ဆောင်၊ အင်းစိန်အထွေထွေရောဂါကု ဆေးရုံကြီးတွင် အရေးပေါ်လူနာများနှင့် အရိုးလူနာများ အတွက် ခြောက်ထပ်လူနာဆောင်၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် ကင်ဆာရောဂါကုသဆောင် ငါးထပ် အဆောက်အအုံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) တွင် မွေးကင်းစကလေးလူနာဆောင် ငါးထပ်ဆောင်၊ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံတွင် တိုးချဲ့ငါးထပ် လူနာဆောင်၊ မြောင်းမြ ပြည်သူ့ဆေးရုံတွင် အရေးပေါ် လူနာများနှင့် ပြန်လည်သန်စွမ်းရေး လူနာများအတွက် တိုးချဲ့လေးထပ် လူနာဆောင်များကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာတစ်နိုင်ငံလုံးတွင် ၁၆ ခုတင်မှ ခုတင် ၂၀၀ ဆံ့ အထိ စုစုပေါင်းဆေးရုံ ၁၁၄၄ ရုံ၊ ဆေးရုံခုတင်ပေါင်း ၅၅၂၆၆ ခုတင်၊ ဒေသန္တရ၊ မိခင်နှင့်ကလေး ကျန်းမာရေး ဌာန ၄၄၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၈၄၉ ခု၊ ဌာနခွဲပေါင်း ၈၆၂၈ ခု၊ တိုင်းရင်းဆေးရုံ ၄၀၊ တိုင်းရင်း ဆေးခန်း ၂၁၀ တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါကြောင်း။

ဝန်ထမ်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာအခန်း ၆,၇၃၆ ခန်း ဆောက်လုပ်ပြီး စီးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်လျက် ရှိသော ဝန်ထမ်းအိမ်ရာအခန်း ၁၀၃၇၇ ခန်း အများစုပြီးစီး မည်ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆေးဝါးအတွက် ငွေကျပ် ၉၈ ဘီလီယံနှင့် ဆေးပစ္စည်းအတွက် ငွေကျပ်၆၀ ဘီလီယံခန့် ဝယ်ယူခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆေးဝါးအတွက် ငွေကျပ် ၁၂၀ ဘီလီယံနှင့် ဆေးပစ္စည်း အတွက် ငွေကျပ် ၆၄ ဘီလီယံခန့်အထိ နှစ်စဉ်တိုးတက် ဝယ်ယူခဲ့ပါကြောင်း။သုံးနှစ်တာကာလအတွင်း အခြား ထူးခြား သော ကုသရေးဆိုင်ရာ စွမ်းဆောင်မှုများအနေဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်မှုပေါင်း ၉၉ကြိမ်၊ အသည်း အစားထိုး ခွဲစိတ်မှုပေါင်း ၃၃ ကြိမ်၊ ကလေးအသည်း အစားထိုး ခွဲစိတ်ခြင်း တစ်ကြိမ်၊ ရင်ခေါင်းဖွင့် နှလုံးခွဲစိတ် ကုသခြင်း (Open Heart Surgery) ၂၀၇၆ ကြိမ်၊ နှလုံးသွေးကြောချဲ့ ကုသခြင်း (Cardiac Cath Lab) ၁၂၉၈၃ ကြိမ်၊ ဦးနှောက် ခွဲစိတ်မှုအမျိုးမျိုး (Brain and Neurosurgery) ၁၀၇၇ ကြိမ်၊ ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း (Bone Marrow Transplant) ၁၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဆေးခန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့**

သားသမီးရလိုသူများအတွက် (Fertility Centre) ဌာနကို ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)တွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသားကို ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် အောင်မြင်စွာ မွေးဖွားပေး နိုင်ခဲ့ခြင်းသည် အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပါကြောင်း။

ဆေးရုံဝန်ဆောင်မှု တိုးတက်စေရေးတို့အတွက် ဆေးလူမှုဝန်ထမ်းများကို ခုတင် (၁၀၀)နှင့် အထက် ပြည်သူ့ဆေးရုံကြီးများတွင် ဆေးလူမှုဆက်ဆံရေးမှူး ၇၇၂ ဦး ခန့်အပ်ခဲ့ပြီး ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင် အနယ်နယ်အရပ် ရပ်မှ ခရီးသည်များ၏ ကျန်းမာရေးပြဿနာများကို စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အောင်မင်္ဂလာနှင့် ဒဂုံ ဧရာအဝေးပြေးကားကွင်းများတွင် ၂၄ နာရီ ဆေးခန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

**လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်**

အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ အရ မြို့နယ်ဆေးရုံများအတွက် ငွေကျပ်သိန်း ၈၅၀ တန်ဖိုးရှိ ဆေးပစ္စည်း ၃၃ မျိုး၊ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အဆင့်(ဂ) (Type C) ခတ်ခွဲခန်းသုံးပစ္စည်းများနှင့် လူနာတင်ယာဉ် များကို နှစ်အလိုက် ဦးစားပေးမြို့နယ်များ သတ်မှတ်၍ ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိကာ ဆေးပစ္စည်း ၃၃ မျိုးကို ၂၀၁၆-၂၀၁၇ခုနှစ်တွင် မြို့နယ် ၇၈ မြို့နယ်သို့ ၁၀၀ ရာခိုင်နှုန်း ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မြို့နယ် ၈၂ မြို့နယ်သို့ ၆၄ ရာခိုင်နှုန်း ဖြန့်ဖြူးပြီးစီးကာ ဆက် လက်၍ ဖြန့်ဖြူးပေးလျက်ရှိခြင်းနှင့် ၂၀၂၁ ခုနှစ်တွင် မြို့နယ်အားလုံး လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ရှင်းလင်းပြောကြားစဉ်။

မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အနေဖြင့် မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှုတို့ကို လျှော့ချနိုင်ရေးအတွက် မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကြောင့် ၂၀၁၁ ခုနှစ်တွင် မိခင် ၁၅၀၀ ကျော် သေဆုံးခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သေဆုံးမှု ၈၀၀ အထိ လျော့ကျလာခဲ့ပါကြောင်း။

**မက်သဒုန်း အစားထိုးတိုက်ကျွေး**

မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများ အနေဖြင့် အသက်ငါးနှစ်အောက် ကလေးသေဆုံးနှုန်းသည် ၂၀၁၀ ပြည့်နှစ်တွင် ကလေး ၁၀၀၀ မွေးပါက ၅၉ ဦးနှုန်း ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၄၉ ဦးနှုန်းသို့လည်းကောင်း၊ တစ်နှစ်အောက် ကလေး သေနှုန်းတွင်လည်း ၂၀၁၀ ပြည့်နှစ်တွင် အရှင်မွေး ကလေး ၁၀၀၀ တွင် ၄၆ ဦး နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၃၉ ဦးသို့လည်းကောင်း၊ မွေးကင်းစကလေး သေနှုန်းမှာ လည်း ၂၀၁၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ တွင် ၃၀ ရှိရာမှ ယခုအခါ ၂၄ ဦးအထိ လျှော့ချနိုင်ခဲ့ပါ ကြောင်း။

ကျောင်းကျန်းမာရေးအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျောင်းသားပေါင်း ၉ ဒသမ ၅ သန်း ကျန်းမာကြံ့ခိုင် စေရန်ရည်ရွယ်၍ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပြီး ၂၀၁၈ ခုနှစ်အတွင်း ကျောင်း ကျန်းမာရေး စစ်ဆေးပေးခြင်းကို တစ်နိုင်ငံလုံးရှိ ကျောင်း အားလုံးတွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်း အနေဖြင့် HIV/AIDS လူနာများ အား ART ဆေးကို ယခင်က မြို့နယ် ၁၄၁ မြို့နယ်တွင်သာပေးခဲ့ရာမှ ယခုအခါ မြို့နယ်ပေါင်း ၂၇၂ မြို့နယ်၌ ART ဌာန ၃၂၂ ခုတွင် တိုးချဲ့ကုသပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် HIV ပိုးကူးစက်ခံထားရသူ လူ ၁၀၀၀၀၀ ခန့်ကိုသာ ART ဆေးတိုက်ကျွေးနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၆၆,၀၀၀ ခန့်အထိ တိုးမြှင့်ကုသပေးနိုင်ခဲ့ပါကြောင်း၊ မက်သဒုန်း အစားထိုး တိုက်ကျွေးသည့်ဌာန ၄၁ ခုမှ ၅၅ ခုအထိ တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး မူးယစ်ဆေး သွေးကြောအတွင်းထိုးသွင်းသူ များအနက် ၁၆၀၀၀ ကိုလည်း မက်သဒုန်းအစားထိုး တိုက်ကျွေးလျက်ရှိပါကြောင်း။

**ဆင်ခြေထောက်ရောဂါ အမြစ်ပြတ်အောင်လုပ်ဆောင်**

တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် တီဘီလူနာပေါင်း ၁၃၅၄၃၅ ဦးအား အခမဲ့ ရှာဖွေကုသပေးခဲ့ပြီး ဆေးကုသမှု အောင်မြင်မှုနှုန်း ၈၇ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ငှက်ဖျားရောဂါကင်းစင်ရေး ရည်မှန်းချက်ကိုရရှိ အောင် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်၌ ငှက်ဖျား ဖြစ်ပွားသူ ၁ ဒသမ ၁ သိန်းရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၆၈၀၀၀ သာရှိပြီး ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ငှက်ဖျားကြောင့်သေဆုံးသူ ၁၄ ဦးသာ ရှိခဲ့ပါကြောင်း။

ဆင်ခြေထောက်ရောဂါ ကင်းစင်ရေးအတွက် တစ်ပြည်လုံးအတိုင်းအတာဖြင့် အမြစ်ပြတ်အောင်လုပ် ဆောင်နေပြီး လူအားလုံး သန်ချဆေးပေါင်းတိုက်ကျွေး ခြင်းကို ၂၀၁၈ ခုနှစ်တွင် ဆင်ခြေထောက် ရောဂါအမြစ် တွယ်နေမှုရှိနေသေးသော ခရိုင် ၃၃ ခရိုင်ရှိ လူဦးရေ ၃၂ သန်းကို တိုက်ကျွေးနိုင်ခဲ့ပါကြောင်း။

အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အနာကြီးရောဂါ လူနာသစ်ပေါင်း ၂၂၁၄ ဦးကို ရှာဖွေဖော်ထုတ် ကုသမှုပေးနိုင်ခဲ့ပါကြောင်း။

**အခမဲ့ဆေးကုသပေး**

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် မွေးကင်းစအရွယ်မှစ၍ ကလေးများ ကို ကာကွယ်ဆေးထိုးသည့် အစီအစဉ်ဖြင့် ကာကွယ်ဆေး ၁၁မျိုး ထိုးနှံပေးလျက်ရှိပြီး ပုံမှန်ကာကွယ်ဆေး အစီအစဉ် အတွက် ကာကွယ်ဆေးများဝယ်ယူရန် နိုင်ငံတော်အစိုးရ က အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်း နှစ်စဉ် ထည့်ဝင် သုံးစွဲလျက်ရှိပါကြောင်း။

အမျိုးသားအသည်းရောင် အသားဝါရောဂါ ထိန်းချုပ် ရေးစီမံချက်အနေဖြင့် အသည်းရောင်အသားဝါ(စီ) ရောဂါကုသမှုလုပ်ငန်းအား ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်၍ နိုင်ငံပိုင်ဆေးရုံကြီး ကိုးရုံတွင် အသည်းရောင်အသားဝါ ရောဂါ(စီ)ပိုးရှိသူများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအထိ ရောဂါရှင် ၃,၇၈၀ အား Direct Acting Antiviral ဆေးဝါးများဖြင့် အခမဲ့ ဆေးကုသမှုပေးခဲ့ပါကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၏ ဆောင်ရွက်မှုများအနေဖြင့် လက်ရှိတွင် ဒီပလိုမာဘွဲ့လွန် သင်တန်း ၁၂ ခု၊ မဟာသိပ္ပံသင်တန်း ၅၈ ခု၊ ပါရဂူဘွဲ့လွန် သင်တန်း ၁၅ ခု၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၄၅ ခု၊ စုစုပေါင်း ဘွဲ့လွန်သင်တန်းပေါင်း ၁၃၀ ဖွင့်လှစ်သင်ကြား လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် M.B.B.S အပါအဝင် ဘွဲ့လွန်၊ ဘွဲ့ကြိုဒီပလိုမာနှင့် မဟာသိပ္ပံပါရဂူရရှိသူ စုစု ပေါင်း ၆၇၂၂ ဦး မွေးထုတ်နိုင်ခဲ့ပြီး သုံးနှစ်တာကာလ အတွင်း စုစုပေါင်း ၂၄၃၃၀ လေ့ကျင့် မွေးထုတ်ပေးခဲ့ပါ ကြောင်း။

**သူနာပြုများကို တိုးမြှင့်လေ့ကျင့်မွေးထုတ်**

သူနာပြုများကို တိုးမြှင့်လေ့ကျင့်မွေးထုတ်နိုင်ရေး အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ တိုးမြှင့်ခေါ် ယူဆောင်ရွက်လျက်ရှိရာ ယခင်က တစ်နှစ်လျှင် သူနာပြုဆရာမ ၁၈၀၀ ခေါ်ယူခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၃၆၉၀ အထိ တိုးမြှင့်ခေါ်ယူခဲ့ပါကြောင်း၊ တစ်နှစ်လျှင် ၃၀၀ ခေါ်ယူခဲ့ရာမှ ၄၀၀ အထိ တိုးမြှင့်ခေါ်ယူခဲ့ပါကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အစား အသောက် နမူနာပေါင်း ၆၇၄၆ ခု စစ်ဆေးခဲ့ပြီး စားသုံး ရန်မသင့်သော စားသုံးကုန်များကို အများပြည်သူသိရှိ အောင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

၂၀၁၈ခုနှစ်တွင် ဈေးကွက်အတွင်းမှ ဆေးဝါးနမူနာ ၂၉၈ မျိုးကိုလည်း စစ်ဆေးပေးနိုင်ခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် ဆေးဝါးမှတ်ပုံတင် လျှောက်ထားခြင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စတင်အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများတွင် သုံးစွဲမှုများပြီး အာနိသင်ထက်မြက်သည့် ဆေးဝါးများကို ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရန်အတွက် နိုင်ငံတော် အစိုးရက ငွေကျပ် ၄ ဒသမ ၆၇ ဘီလီယံ အကုန်အကျခံပြီး ခေတ်မီ တိုင်းရင်းဆေးစက်ရုံကြီး (မန္တလေး)ကို ၂၀၁၉ ခုနှစ် မတ်လတွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဆောင်ရွက် မှုများအနေဖြင့် ပြည်သူများ အလွယ်တကူ လေ့ကျင့်ခန်း ပြုလုပ်နိုင်ရန် Outdoor Fitness Equipment ၁၁၂၇ ခုကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးနှင့် သူနာပြု သားဖွားသင်တန်းကျောင်း ၅၀ တို့တွင်လည်း တပ်ဆင် ပေးခဲ့ပါကြောင်း။

**အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးနိုင်ခဲ့**

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပညာရေးဝန်ကြီးဌာန နှင့်ပူးပေါင်းပြီး (၂၉) ကြိမ်မြောက် ASEAN University Games ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့ပါကြောင်း။

အားကစားသိပ္ပံခြောက်ကျောင်းတွင် အားကစားသမား များကို လက်ရွေးစင် အားကစားသမားများအဖြစ် ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် B.Sc (Sports) ဘွဲ့ရ ၇၀ နှင့် B.Sc, Hons (Sports) ဘွဲ့ရ ၁၃ဦး သင်ကြားမွေးထုတ်ပေး နိုင်ခဲ့ကာ ဝန်ကြီးဌာန၌ အားကစားမှူး၊ နည်းစနစ်မှူး ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးလျက်ရှိပါ ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာ များက ပြည်ထဲရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဖမ်းဝရမ်းထုတ်ထားသူများအပေါ် ဝန်ကြီးဌာန မှ ဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ် အင်းဒင် ကိစ္စနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူခြင်းခံနေရသော တပ်မတော်သား ခုနစ်ဦးအား ပြန်လည်လွှတ်ပေးသည့် သတင်းများ ထွက်ပေါ်နေမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောထားအမြင်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရယူမှု လွယ်ကူအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးရေး၊ ကုမ္ပဏီသုံးခုနှင့် ပတ်သက်သည့် လူကုန်ကူးမှုကိစ္စကို အရေးယူဆောင်ရွက်ထားရှိမှု၊ ဝန်ကြီး ဌာနတွင် ပြင်ဆင်ထားသည့် ဥပဒေအရေးအတွက်၊ အဆိုပါဥပဒေများ၏ အကျိုးသက်ရောက်မှု၊ တရုတ်နိုင်ငံ သားများက မြန်မာအမျိုးသမီးများအား ငွေကြေးဖြင့် သိမ်းသွင်း၍ လက်ထပ်ထိမ်းမြားမှုတွင် လူကုန်ကူးမှုဖြင့် တရားစွဲဆိုထားရှိမှု အခြေအနေ၊ ပုသိမ်ကြီးမြို့နယ် ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံကိစ္စတွင် Live လွှင့်သည့် သတင်းထောက်အပေါ် အရေးယူဆောင်ရွက်မှု၊ နိုင်ငံတော်သမ္မတရုံးက ဖွင့်လှစ်ထားသည့် မူးယစ်ဆေးဝါး အထူးသတင်းဌာနသို့ တိုင်ကြားမှုအရေအတွက်၊ တိုင်ကြား သူများအား ချီးမြှင့်မှု အခြေအနေ၊ ရန်ကုန်မြို့တွင် ဖမ်းမိသည့် သီရိလင်္ကာနိုင်ငံသားအား ဆက်လက်အရေးယူ ဆောင်ရွက်မည့် အခြေအနေ၊ အကျဉ်းထောင်များ ဆူပူ မှုဖြစ်စဉ်တွင် အကျဉ်းသားများက Live လွှင့်ခဲ့မှု၊ လူသေ ဆုံးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်မည့် အခြေအနေ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား သည်။

**မေးခွန်းများမေးမြန်း**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တပ်မတော်က သိမ်းယူထားသည့် မြေယာများအား ပြန်လည်စွန့်လွှတ်ရာ တွင် ကျင့်သုံးလျက်ရှိသည့် မူဝါဒ၊ ယခုအစိုးရလက်ထက်တွင် စည်းကမ်းဖောက်ဖျက်မှုကြောင့် အရေးယူထားသည့် တပ်မတော်သားအရေအတွက်၊ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများဖြစ်သည့် မြောက်ဦးဒေသနှင့် မန္တလေး နန်းတွင်းနေရာများတွင် တပ်မတော်စခန်းများ ရှိနေမှု၊ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော် အစိုးရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အထောက်အကူပြုမှု ရှိ၊ မရှိ တပ်မတော်အတွင်း အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်မှု အခြေအနေ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ပြီးစီးမှုအခြေအနေ၊ သုံးနှစ်တာကာလ အတွင်း အသုံးပြုခဲ့သည့် စစ်ပွဲအသုံးစရိတ်၊ ကာကွယ်ရေး ဝန်ကြီးဌာန၏ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးအခြေ အနေတို့နှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြ သည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်တွင်းမှ ထုတ်လုပ်သည့် ဆားများတွင် အိုင်အိုဒင်းပါဝင်မှုအချိုး အစားနှင့် ပြည်ပမှတင်သွင်းသည့် ဆားများကို အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စစ်ဆေး ဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည် နယ်တို့တွင် အာဟာရမြှင့်တင်ရေးစီမံကိန်း ဆောင် ရွက်နေမှု၊ အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် ဘတ်ဂျက်သုံးစွဲမှု အခြေအနေ၊ ၂၀၁၇ ခုနှစ်တွင် ခွေးရူးပြန် ရောဂါကြောင့် သေဆုံးသူဦးရေ၊ ခွေးရူးပြန်ရောဂါ ပပျောက်ရေးဆောင်ရွက်နေမှု၊ လက်ရှိအနေအထားအရ ဆရာဝန်လိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ရေး အစီအစဉ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝန်ထမ်းများ အရေးယူခံရမှုအခြေအနေ၊ လူတိုင်းအကျုံးဝင် သည့် ကျန်းမာရေးစနစ်ဖြစ်အောင် ဆောင်ရွက်မည့် အစီအမံ၊ ကျောင်း၊ ဆေးရုံများတွင် မသန်စွမ်းသူများ အတွက် ဆောင်ရွက်မည့် အစီအစဉ်၊ မြန်မာနိုင်ငံတွင် အရက်စွဲသူများ များပြားလာမှုနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ ထုတ်ပယ်ခံရမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းကြရာ တာဝန်ရှိ သူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်း- ထွန်းနန္ဒာကျော်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၀/၂၀၁၉**
၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ မေလ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ပန်းသာကျေးရွာနေ အဲတုတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၅-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ပန်းသာကျေးရွာနေ အဲတုတ်(ခ) အောင်ကျော်သန်း(၅၈)နှစ်၊ (ဘ) ဦးထွေးမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားမက်ဖြစ်သူ ထွန်းမင်းဦး (၂၅)နှစ်၊ (ဘ)ဦးထွန်းရွှေတို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၂၃ × ၂၄ လမ်းကြား၊ (၈၃)လမ်းနေ ကျော်သန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၅-၂၀၁၉ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်၊ ၂၃ × ၂၄ လမ်းကြား၊ (၈၃)လမ်းနေ ကျော်သန်း(၃၇)နှစ်၊ (ဘ) ဦးလှထွန်းအား မန္တလေးဗဟိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဦးလေးတော်စပ်သူ အကျဉ်းသား ကျော်ဆွေ (၅၁)နှစ်၊ (ဘ)ဦးမိုဟာမက်အလီထံသို့ ထောင်ဝင်စာလာရောက်စဉ် ၎င်းနှင့်အတူ ပါရှိလာသည့် ပါဆယ်ဟင်းထုပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂)(အောင်မြေသာစံ) မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ(၃)လမ်းနေ မြင့်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၅-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သုဇိတာလမ်းမပေါ်၌ စောင့်ကြည့်သတင်း စုံစမ်းနေစဉ် သုဇိတာ(၃)လမ်းနေ မြင့်စိုး(၄၀)နှစ်၊ (ဘ)ဦးတင်လှအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ(ပ)၄၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာနေ အောင်မြတ်ထွန်းသည် မူးယစ်ဆေးဝါးများအား ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၅-၂၀၁၉ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ပဲခူး-ရန်ကုန်သွားကားလမ်းမပေါ်၌ ပြည်တော်သာရပ်ကွက်နေ ထက်မြက်သူ(၂၇)နှစ်၊ (ဘ) ဦးစိုးအောင်နှင့် စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်းနေ စိုးမင်းအုပ် (၂၆)နှစ်၊ (ဘ)ဦးဇော်ဇော်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ကျွန်းကလေးကျေးရွာနေ အောင်မြတ်ထွန်း(၃၅)နှစ်၊ (ဘ) ဦးဝင်းအောင်ထံမှ ဝယ်ယူခဲ့ကြောင်းသိရှိရသဖြင့် ၎င်းတို့ (၃)ဦးအား မမစ (လှည်းကူး) မယ(ပ)၇/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ ထွန်းထွန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၅-၂၀၁၉ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်၊ မဟာဗန္ဓုလလမ်းမပေါ် တံတားဖြူအနီး၌ ၎င်းရပ်ကွက်၊ သရဖီလမ်းနေ ထွန်းထွန်းအောင်(၄၁)နှစ်၊ (ဘ) ဦးဝင်းမြင့် စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများထည့်ထားသည့် အအေးစုပ်ပလတ်စတစ်ပိုက်များအား ၎င်း၏ပါးစပ်အတွင်းသို့ ထည့်လိုက်သဖြင့် ဘိန်းဖြူ(အလေးချိန် ချိန်တွယ်စိစစ်မရ)နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ) မယ(ပ)၃၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်၊ ပန်းနေကြာလမ်းနှင့် လဲလျှောင်းလမ်းတစ်ဝိုက်တွင် မူးယစ်ဆေးဝါးသုံးစွဲဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင် သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်ဖမ်းဆီးတရားခံကျား(၄)ဦး၊ မ(၁)ဦး၊ ပေါင်း(၅)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဥပဒေနှင့်အညီ အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၉-၅-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ စစ်မင်းနိုင်(ခ)သားသား(၂၀)နှစ်၊ (ဘ) ဦးစိုးသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ပလီလင်းကျေးရွာနေ တက်တိုး(ခ)နေမျိုးအောင်(၂၀)နှစ်၊ (ဘ) ဦးနိုင်လင်းတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ (ပ)၅၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၅-၅-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၃၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၃၄)ဦး၊ မ(၁၆၂)ဦး၊ ပေါင်း(၉၉၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၄၂.၁၅)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၈၅၃၃)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၃.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ သာယာကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၀)ပြား၊ ဘိန်းဖြူ(၁၁၃.၂)ဂရမ်၊ ဖားကန့်မြို့နယ်၊ နမ့်လန်ကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဇွပ်ယန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ ဘိန်းဆီခဲ(၂၄၀)ဂရမ်၊ ဗန်းမော်မြို့နယ်၊ ကုန်းမဟတ်ကျေးရွာ တံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၀)ဂရမ်၊ ဘိန်းရည်(၀.၀၁)လီတာ၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ မံဝိန်းကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၀၅၈)ပြား၊ ဘိန်းဖြူ(၅၃.၉)ဂရမ်၊ စီခမ်းကြီးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၁၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆို-တောင်ငူသွားကားလမ်း လိုပူလမ်းခွဲ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ လှုာကမြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၂၈၀၀၀)ပြား၊ Light Truck ယာဉ်(၁)စီး၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝယ်သွန်ချောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၁၂၂၄.၇၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျီးကျွန်းနယ်စပ်ရဲကင်းစခန်းဝန်းကျင်၌ နယ်မြေလုံခြုံရေးလှည့်ကင်းဆောင်ရွက်စဉ် တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၀၀)ပြား၊ စစ်တွေမြို့ မင်းဂံရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ တောင်ကုတ်မြို့ ချောင်းကောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁)ပြား၊ ဆေးခြောက်(၂)ဂရမ်၊ ကံပိုင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၈)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပလီလင်း ကျေးရွာအနီး ပလီလင်း-အေးသာယာသွား ကားလမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကောင်းကြီးစုရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၈၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရွာငံမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာအဝင် လမ်းပေါ်၌ သတင်းအရဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း (၁၈၀၀၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းကိုင်မြို့နယ်၊ မိုင်းကိုင်-လဲချားသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းပွန်မြို့ အမှတ်(၁) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၉၃၀.၈၁)ဂရမ်၊ တန့်ယန်းမြို့ အမှတ်(၇) ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၆၀)ပြား၊ မူဆယ်မြို့နယ်၊ (၁၀၅)မိုင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-ကွတ်ခိုင်သွား ကားလမ်းမပေါ်၌ သတင်းအရ Mark-II ယာဉ်အား စစ်ဆေးရန်တားဆီးစဉ် နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ(၁၀၅)မိုင်မှ မန့်မိုင်ကျေးရွာသွား တောလမ်း၌ ယာဉ်မောင်းတိမ်းရှောင်သွားပြီး ရပ်တန့်ထားသည့် မော်တော်ယာဉ်အတွင်းမှ စိတ်ကြွဆေးပြား(၂၄၀၀၀)ပြား၊ ဘိန်းဖြူ(၃၅၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့နယ်၊ မော်တောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၃)ပြား၊ ဘိန်းဖြူ(၁၁)ဂရမ်၊ မိုးမိတ်မြို့နယ်၊ နားယုတ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၅၂၄)ပြား၊ ဘိန်း(၂၄၈)ဂရမ်၊ ဘိန်းဖြူ(၅)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ တာဝမ်းတီးကျေးရွာဝန်းကျင်အား နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ကျေးရွာမြောက်ဘက် ကြံခင်းအတွင်းရှိ လယ်စောင့်တဲပေါ်မှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၂၈၀၇၂၅)ပြား၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ မြို့ပတ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ တပ်ကုန်း ကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ Harrier ယာဉ်အား စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ဖောင်းပြင်မြို့နယ်၊ ဖောင်းပြင်-ပင်လည်ဘူးသွားကားလမ်း၌ ယာဉ်မောင်းတိမ်းရှောင်သွားပြီး ရပ်တန့်ထားသည့် မော်တော်ယာဉ်အနီး ချုံပုတ်ထဲရှိ ဆာလာအိတ်များအတွင်းမှ ဘိန်းဖြူ(၅၉၄၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ခန္တီးမြို့ (၃)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ

စာမျက်နှာ ၉ သို့ »»

# ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံက ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

**အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများ**

ပြည်ထောင်စုဝန်ကြီးက ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ ရခိုင်ပြည်နယ်တွင်းရှိ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ အာဆီယံမှ ပူးပေါင်းပါဝင်ရန်ဆုံးဖြတ်ခဲ့မှုအား ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ အာဆီယံအတွင်းရေးမှူးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်သို့ ကွင်းဆင်းလေ့လာနိုင်ခဲ့ခြင်း၊ အာဆီယံဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ [ASEAN Emergency Response and Assessment Team (ASEAN-ERAT)] သည် ၂၀၁၉ ခုနှစ် မတ် ၄ ရက်မှ ၁၃ ရက်အထိ ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့တွင် ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီး တွေ့ရှိချက်အစီရင်ခံစာပြုစုခဲ့ခြင်းတို့သည် အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများပင်ဖြစ်ပါကြောင်း။

**အခြေအနေအမှန်သိရှိအောင် သက်သေပြုပြသ**

ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ မြေပြင်တွင် အမှန်တကယ်ဖြစ်တည်တွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခဲ့ပြီး ပြန်လည်လက်ခံရေးဆောင်ရွက်ရန်အစီအစဉ်များကို အစိုးရကစနစ်တကျဆောင်ရွက်ထားရှိသည်ကိုတွေ့ရှိရကြောင်း၊ ပြန်လည်လက်ခံရေးအစီအစဉ်သည် အဆင်သင့်အနေထားတွင်ရှိကြောင်း၊ အခြေအနေအမှန် သိရှိအောင် သက်သေပြုပြသနိုင်ခဲ့ပါကြောင်း၊ ယခု ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေး၌ တင်ပြရန်စီစဉ်ထားရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသော ဒုတိယအကြိမ်အဆင့်မြင့်ညှိနှိုင်းအစည်းအဝေးတွင် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်က ၂၀၁၈ ခုနှစ်အတွင်း အာဆီယံသည် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ လုပ်ငန်းများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာတွေ့ရှိချက်ပါ အကြံပြုချက်အား ပူးပေါင်းအကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြီးပြည့်စုံသော ဆန်းစစ်လေ့လာမှုကိုလည်း ပြန်လည်လက်ခံရေးစတင်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ကနဦးလေ့လာတွေ့ရှိချက်များကို အကောင်အထည်ဖော်ရာတွင် အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံသည် မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management–AHA Centre)က ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ASEAN-ERAT အဖွဲ့မှဆောင်ရွက်ခဲ့သော ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်မှုအတွက် လွန်စွာအသုံးဝင်ပါကြောင်း၊ အစီရင်ခံစာပါ အကြံပြုချက်များနှင့် လုပ်ငန်းစဉ်များအား အာဆီယံနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံအတွက်သာမက ပြန်လည်ဝင်ရောက်လာသူများအတွက်ပါ အကျိုးကျေးဇူးများစွာရှိပါကြောင်း၊ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ကောင်းတစ်ခုလည်းဖြစ်ပါကြောင်းနှင့် အစီရင်ခံစာအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံ ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ UEHRD ကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များကို UEHRD ကော်မတီဝင်စီမံခန့်ခွဲမှုအရာရှိချုပ် ဦးညီငြိမ်းအေးက ရှင်းလင်းတင်ပြသည်။ ထို့နောက် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre) မှအမှုဆောင်ညွှန်ကြားရေးမှူး Ms. Adelina က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းခြင်း၊ အကြံပြုခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ASEAN-ERAT အဖွဲ့မှဆောင်ရွက်ခဲ့သော ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာတွေ့ရှိချက်ပါ အကြံပြုချက်များအား အကောင်အထည်ဖော်နိုင်ရေးအစီအစဉ်၊ ပြီးပြည့်စုံသော ဆန်းစစ်လေ့လာမှုအား ဆက်လက်ဆောင်ရွက်ရန် လျာထားမှုအစီအစဉ်နှင့် ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော်မည့်အစီအစဉ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

»»» စာမျက်နှာ ၈ မှ

အဆင့်နိမ့်ဘိန်း(၅၈၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ အင်းလေးမြိုင်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇)ပြား၊ ဘိန်းစာမှုန့်(၃၀၆၀)ဂရမ်၊ တနင်္သာရီမြို့နယ်၊ ဇလုံးကျေးရွာလမ်းပေါ်၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၇၁၂)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ ထန်းကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၂၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၉)ပြား၊ ဇေယျာဝတီမြို့နယ်၊ ဘရိုက်တိုလာတောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆) မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည်တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၇၇၀)ပြား၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးရဲကင်းရှေ့၌ သတင်းအရဆိုင်ကယ်(၂)စီးအား စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကျောက်တလုံးကျေးရွာနှင့် ညောင်ကုန်းကျေးရွာကြား တောလမ်းပေါ်၌ မောင်းသူမရှိဘဲ ရပ်တန့်ထားသည့် ဆိုင်ကယ်(၂)စီးပေါ်ရှိ လက်ဆွဲအိတ်များအတွင်းမှ စိတ်ကြွဆေးပြား (၄၀၀၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပေါက်စောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၁၀၀၀)ဂရမ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၌ သတင်းအရ စက်ဘီးစီးလာသူအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ စက်ဘီး(၁)စီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀၀)ပြား၊ ICE(၄၀)ဂရမ်၊ ဆေးခြောက်(၆၇)ဂရမ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇)ပြား၊ ICE(၁၇)ဂရမ်၊ ဆေးခြောက် (၃၀.၃၃)ဂရမ်၊ ဆိုင်ကယ်(၁)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နောင်ဖော့ကျေးရွာ၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၆၂)ပြား၊ တူမီးသေနတ်(၂)လက်၊ ယမ်းစိမ်းမှုန့်(၇၀)ဂရမ်၊ ခဲသီး(၁၀)လုံး၊ ကောင်းဟုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၂)ဂရမ်၊ ပစ္စတိုသေနတ်(၂)လက်၊ တူမီးသေနတ်(၁)လက်၊ ၉ မမကျည် (၈)တောင့်၊ ကျည်အိမ်(၃)ခု၊ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပဲ့ထောက်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစာမှုန့်(၂၄၄.၉၅)ဂရမ်၊ တူမီးသေနတ်(၁)လက်အားလည်းကောင်း၊ နိုင်ငံခြားသားပါဝင်ပတ်သက်သောလက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၃၉)ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ၉မမကျည်(၂၉)တောင့်၊ ကျည်အိမ်(၂)ခု၊ ဆိုင်ကယ်(၁)စီးတို့အားလည်းကောင်း၊ လက်နက်ဖြင့်ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်၌ သတင်းအရ နေအိမ်အားဝင်ရောက်စစ်ဆေးဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၂)ဦးမှ ဓားရှည်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်သဖြင့် ကာကွယ်ပစ်ခတ်ဖမ်းဆီးရာ (၁)ဦး သေဆုံး၊ (၁)ဦးမစိုးရိမ်ရ ဒဏ်ရာရရှိပြီး စိတ်ကြွဆေးပြား(၅၆)ပြား၊ ဓားရှည်မျိုးစုံ(၁၀)ချောင်း၊ သံလက်သီးစွပ် (၂)ခု၊ လှံ(၁)ချောင်း၊ လေသေနတ်(၁)လက်၊သံဘောစေ့(၄၈)လုံး၊ ကောဘောစေ့(၃၉)လုံး၊ သံတုတ်(၂)ချောင်းနှင့် ၎င်းနေအိမ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲရောက်ရှိနေသူ တရားခံအမျိုးသား(၁)ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၉-၅-၂၀၁၉ ရက်နေ့မှ ၂၅-၅-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၃၂)မှု၊ တရားခံကျား(၃၀၂)ဦး၊ မ(၃၇)ဦး၊ ပေါင်း(၃၃၉)ဦး၊ စိတ်ကြွဆေးပြား(၉၃၉၅၀၄)ပြား၊ ဘိန်းဖြူ(၈၃၆၅.၇၉၉၈၅)ဂရမ်၊ ICE(၁၀၅၇.၅)ဂရမ်၊ ဘိန်း(၁၉၃၅၈.၈၁)ဂရမ်၊ ဘိန်းရည်(၀.၀၁)လီတာ၊ အဆင့်နိမ့်ဘိန်း(၅၈၀)ဂရမ်၊ ဘိန်းဆီခဲ(၂၄၀)ဂရမ်၊ ဘိန်းစာမှုန့်(၃၃၀၄.၉၅)ဂရမ်၊ ဘိန်းစာရွက်(၁၂၂၄.၇၅)ဂရမ်၊ ဆေးခြောက်(၁၈၃.၁၄)ဂရမ်၊ သေနတ်မျိုးစုံ(၇)လက်၊ ၉ မမကျည်(၃၇)တောင့်၊ ကျည်အိမ်(၅)ခု၊ ယမ်းစိမ်းမှုန့် (၇၀)ဂရမ်၊ ခဲသီး(၁၀)လုံး၊ ဓားရှည်မျိုးစုံ(၁၀)ချောင်း၊ သံလက်သီးစွပ်(၂)ခု၊ လှံ(၁)ချောင်း၊ လေသေနတ်(၁)လက်၊ သံဘောစေ့(၄၈)လုံး၊ ကော်ဘောစေ့(၃၉)လုံး၊ သံတုတ်(၂)ချောင်းတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ် အခမ်းအနား နေပြည်တော်တွင် ကျင်းပ

**နေပြည်တော် မေ ၂၇**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး သီတင်းပတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ပညာရေးမှူး၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာသည်သာရတနာ" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို ရေးဆွဲ၍ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ အဆင့်မြင့်ပညာရေး၊ ဆရာအတတ်ပညာရေးစသည်ဖြင့် နယ်ပယ်(၉)ရပ်နှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း (၁၂) ရပ်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးတိုင်း မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေးစသည့် မူဝါဒများ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း မသင်မနေရ အခမဲ့ပညာရေးစနစ်ကို ချမှတ်ဆောင်ရွက်ကာ ကျောင်းအပ်နှံနှုန်းမြင့်မားရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား ကျောင်းသူများအား (၂၁) ရာစုကျွမ်းကျင်မှုများဖြစ်သည့် စဉ်းစားဝေဖန်တွေးခေါ်နိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ပြေပြစ်စွာဆက်သွယ်ဆက်ဆံနိုင်ခြင်း၊ စူးစမ်းလေ့လာမှုကို အခြေခံကာ ပြဿနာဖြေရှင်းခြင်း၊ တရားမျှတစွာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ခြင်း အစရှိသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရရှိစေရန် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်သက်တာသင်ယူနိုင်မည့် ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ဝိုင်းဝန်းပူးပေါင်းဆွေးနွေးဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခမဲ့ဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ ဒက္ခိဏသီရိမြို့နယ်ပညာရေးမှူးနှင့် ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အခမဲ့ဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြသည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာပန်းခင်း" ဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များက အခမဲ့ဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကိုပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "တို့အင် တို့အား" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများနှင့် ပြခန်းများအား လိုက်လံအားပေးကြည့်ရှု၍ ကျောင်းသားကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**သတင်းစဉ်**


# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပညာသင်ဆုပေးရေးစီမံချက်အတွက် ဂျပန်နိုင်ငံမှ ယန်း ၆၁၂ သန်း အကူအညီပေးမည့် စာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro MARUYAMA နှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပညာသင်ဆုပေးရေး စီမံချက်အတွက် ဂျပန်ယန်း ၆၁၂ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro MARUYAMA တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ စာချွန်လွှာအရ အကူအညီပေးမည့် စီမံချက်အား အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာဝန်ထမ်းများ ဂျပန်နိုင်ငံရှိ တက္ကသိုလ်များတွင် အဆင့်မြင့်ပညာများ လေ့လာဆည်းပူးခွင့်ရရှိမည်ဖြစ်၍ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်လာစေမည်ဖြစ်သည်။

**သတင်းစဉ်**

## မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းခင်း

**ညောင်လေးပင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တာဦးကျေးရွာ၏ မြစိမ်းရောင်စီမံကိန်း သုံးနှစ်ပြည့်ပြီးနောက် အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တာဦးကျေးရွာကွန်ကရစ်လမ်းသည် အရှည်ပေ ၁၀၀၀၊ အကျယ် သုံးပေ နှစ်ဖက်၊ ဒု ခုနစ်လက်မရှိပြီး အတိုးရငွေမှငွေကျပ် ၇ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်း ကုန်ကျငွေကျပ် ၁၁ ဒသမ ၄ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လမ်းပြီးစီးသွားပါကရာသီမရွေးလမ်းကို အသုံးပြုနိုင်သလို အိမ်ခြေ ၁၄၀၊ လူဦးရေ ၈၇၄ ဦးတို့အား ပညာရေး၊ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# လူ့အခွင့်အရေး အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁) စတင်ဖွင့်လှစ်

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဖွင့်လှစ်သည့် လူ့အခွင့်အရေး အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)ကို ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း (၆) မိုင်ခွဲ အမှတ်(၂၇)ရှိ အဆိုပါကော်မရှင်ရုံး၌ ယနေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ်လိုက်သည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အဆင့်မြင့်သင်တန်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သင်တန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဒေါက်တာ ခိုင်ခိုင်ဝင်းက သင်တန်းဆိုင်ရာသိသင့်သည့် အချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် လူ့အခွင့်အရေး အခြေခံသင်တန်း တက်ရောက်ပြီးဖြစ်သော လူ့အခွင့်အရေးအခြေခံသင်တန်း အမှတ်စဉ် (၁)မှ သင်တန်းသား သင်တန်းသူ ၁၁ ဦး၊ အမှတ်စဉ် (၂)မှ သင်တန်းသား သင်တန်းသူ ၂၀ နှင့် အမှတ်စဉ် (၃)မှ သင်တန်းသား သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၅၅ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှစတင်၍ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကာ နေ့စဉ် နံနက် ၇ နာရီမှ နံနက် ၉ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများအား UDHR နှင့် နှိုင်းယှဉ်လေ့လာခြင်း၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးများအား ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) နှင့် မြန်မာနိုင်ငံ SDGs နှင့် လူ့အခွင့်အရေး စသည့် ဘာသာရပ်များ အပါအဝင် စုစုပေါင်း ဘာသာရပ် ၁၅ ခုကို ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ဘာသာရပ် ကျွမ်းကျင်သူများက ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် Group Discussion နှင့် Field Trip အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး သင်တန်းကြေး အခမဲ့ဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးကို မှန်ကန်စွာ သိရှိနားလည်လာပြီး လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ အပေါ် လေးစားလိုက်နာကျင့်သုံးလာနိုင်စေရန်၊ နိုင်ငံသားတိုင်း လူ့အခွင့်အရေးများကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် လူ့အခွင့်အရေးစံနှုန်းများမြင့်မားသော လူ့ဘောင်ပေါ်ထွန်းလာစေရန်နှင့် လူ့အခွင့်အရေး အသိပညာပြန့်ပွားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဖွင့်လှစ်ခြင်းဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးခိုင်ထွန်းဦးကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**✻ သတင်းအတု/အယောင်များမှ**

တတိယအကြိမ် မဏ္ဍိုင် (၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ"တွင် သဘောတူညီချက် (၁၃)ချက် ရရှိခဲ့ကြောင်း၊ အဆိုပါ သဘောတူညီချက် (၁၃) ချက်အနက် အချက်အမှတ် (၁၀) ပါ "သတင်းအတု/အယောင်များ၊ သတင်းမှားများ ရေးသားဖြန့်ဖြူးနေမှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် သက်ဆိုင် ရာ အဖွဲ့အစည်းများက ဖော်ထုတ်ပြီး ပြည်သူလူထုသို့ အသိပေးဖြန့်ဝေသွားရန်" ဆိုသော အချက်ပါဝင်ကြောင်း၊ အထက်ပါအချက်များကြောင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် "သတင်းခိုးယူမှု စောင့်ကြည့်ရေးအဖွဲ့"က ပေးပို့လာသည့် သတင်းခိုးယူနေသည့် ဝက်(ဘ်)ဆိုဒ်များ၊ ဆိုရှယ်မီဒီယာပေ့ချ်များကိုစိစစ်ပြီး မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ/မရှိကိုလည်း စိစစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် အဘက်ဘက်မှ စိစစ်ပြီးနောက် အွန်လိုင်းမီဒီယာများတွင် သတင်းခိုးယူနေသည့် ဝက်(ဘ်)ဆိုဒ်နှင့် ဆိုရှယ်မီဒီယာပေ့ချ်များ၏ အမည်စာရင်းများကို ကြေညာလိုက်ကြောင်း၊ ထပ်မံရရှိမည့် သတင်းခိုးကူးသည့် အွန်လိုင်းဝက်(ဘ်) ဆိုဒ်နှင့် ဆိုရှယ်မီဒီယာပေ့ချ်များကိုလည်း ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နောက်ဆက်တွဲတွင် ပါရှိသည့် သတင်းအတု/အယောင်၊ သတင်းမှားနှင့် သတင်းခိုးယူသုံးစွဲနေသော အွန်လိုင်းဝက်(ဘ်)ဆိုဒ်များ၊ ဆိုရှယ်မီဒီယာပေ့ချ်များ စာရင်းမှာ (၁)Pho Thu Taw (၂)Dagaung (၃) Myanmar Daily Feed (၄) မြန်မာ့သတင်းဦး သတင်းထူးများ @ ThaDinSar-1 (၅) မြန်မာ့သတင်းစုံ (Myanma Tadinsone) (၆) ZeeKwat-ဇီးကွက် (၇) Shwe Wiki (၈) Shwe Mon (၉) Yuyalay (၁၀) ApannPyay (၁၁) ACHITLWINPYIN (၁၂) Lwin Pyin (၁၃) လှတောသား Hlataw.com (၁၄) တိုလီမိုလီကုမ္ပဏီ (၁၅) Thadinhtoo (၁၆) သမီးလေးဖတ်ဖို့ Knowledge (၁၇) Myanmar Breaking News (၁၈) MyanmarLive လတ်တလော မြန်မာသတင်းများ (၁၉)TawThu တောသူ (၂၀)Apyo Lay (ဖြစ်ရပ်မှန် သတင်းထူးများဟု အမည်ပြောင်းထားသည်) (၂၁) Nanmalgyi (၂၂) Focus Myanmar - Latest Updates in Myanmar (၂၃) Lat Khat Than (၂၄) Burmese.asia – Media News & Entertainment (၂၅) သုတကြယ် Thutastar (၂၆) Daily Feed (၂၇) Myanmar News Plus (၂၈) AchitlwinPyin - news Daily Time (၂၉) The Lifestyle Myanmar (၃၀) Beautiful Myanmar (၃၁) OK သတင်းစုံတို့ဖြစ်သည်။ **သတင်းစဉ်**

## ရန်ကုန်၊ မန္တလေးဒေသအပြင် မကွေး၊ မော်လမြိုင်နှင့် ပုသိမ်ဒေသရှိ Post paid အသုံးပြု ကြိုးဖုန်း၊ မိုဘိုင်းလ်ဖုန်းနှင့် အိမ်သုံးဖိုက်ဘာအင်တာနက်လိုင်း Fiber to the Home (FTTH) ဘီလ်များကို ပေးဆောင်နိုင်

**နေပြည်တော် မေ ၂၇**

မြန်မာ့စီးပွားရေးဘဏ်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရန်ကုန်၊ မန္တလေးဒေသအပြင် မကွေး၊ မော်လမြိုင်နှင့် ပုသိမ်ဒေသရှိ Post paid အသုံးပြု ကြိုးဖုန်း၊ မိုဘိုင်းလ်ဖုန်းနှင့် အိမ်သုံးဖိုက်ဘာအင်တာနက်လိုင်း (FTTH) ဘီလ်အချက်အလက်များကို Webportal တိုးချဲ့လွှင့်တင်ပေးလျက်ရှိသည်။

ထို့အပြင် မြန်မာ့စီးပွားရေးဘဏ်- နေပြည်တော်၊ ရန်ကုန်(၁)၊ (၂)၊ (၅)၊ ငွေစု(၃)၊ မန္တလေး(၁)၊ (၂)၊ မြန်မာ့စီးပွားရေးဘဏ်မှ ခန့်အပ်ထားသော ပြင်ပပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များ၊ နည်းပညာနှင့် ဖုန်းဝန်ဆောင်မှုများ၊ City Mart Holding၊ Victoria၊ Asia Light၊ United Living Mall၊ Shopping Mall စသည့် ဈေးဝယ်စင်တာများအပြင် ၂၀၁၉ ခုနှစ် မေလမှစတင်ကာ မြန်မာ့စီးပွားရေးဘဏ် မကွေး၊ မော်လမြိုင် (၁)၊ ပုသိမ်ဘဏ်ခွဲတို့တွင် ပြည်သူများသည် မိမိတို့၏ တယ်လီဖုန်းဘီလ်၊ အိမ်သုံးဖိုက်ဘာ အင်တာနက်လိုင်းကြေးများအတွက် တယ်လီဖုန်းနံပါတ်၊ Invoice No တောင်းခံလွှာနံပါတ် ပြောကြားခြင်းဖြင့် နေရာဒေသမရွေး Online မှတစ်ဆင့် ကောက်ခံပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ဇင်ဘာဘွေနိုင်ငံ သတ္တုတွင်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား၊ လူရှစ်ဦးထက်မနည်း သေဆုံး

**ဟာရာရေး မေ ၂၇**

ဇင်ဘာဘွေနိုင်ငံမြို့တော် ဟာရာရေးနှင့် ကီလိုမီတာ ၄၀ ခန့်အကွာရှိ မာဇိုဝီဒေသမှ သတ္တုတွင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ သတ္တုတွင်းတစ်တွင်း၌ သတ္တုတူးဖော်ရေးသမားများ လုပ်ငန်းခွင်ဝင်နေစဉ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့လုပ်ငန်းခွင်ဝင်နေသည့် သတ္တုတွင်းမှာ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဇင်ဘာဘွေအစိုးရ ပြန်ကြားရေးဌာနက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းမတော်တဆမှု၌ သေဆုံးခဲ့ရသူများထဲတွင် တရားမဝင် သတ္တုတူးဖော်ရေးလုပ်သားများ ပါဝင်ကြောင်း ဇင်ဘာဘွေပြန်ကြားရေးဝန်ကြီးဌာန အသံလွှင့်လုပ်ငန်းဌာန တွစ်တာစာမျက်နှာ၌ ဖော်ပြသည်။

မာဇိုဝီဒေသရှိ ဂျမ်ဘိုသတ္တုတွင်း၌ ဖြစ်ပွားသည့် ဝမ်းနည်းဖွယ်ကောင်းသည့် ပေါက်ကွဲမှုသတင်းကို ဇင်ဘာဘွေ အစိုးရက လက်ခံရရှိခဲ့ကြောင်း၊ ယင်းသတင်းအရ လူအချို့သည် သတ္တုတူးဖော်ရာတွင် အသုံးပြုခွင့်မရှိသည့် ဒိုင်းနမိုက် ပေါက်ကွဲမှုနှင့် ကြုံတွေ့ရသည်ဟု ညွှန်ပြနေကြောင်း၊ လတ်တလောတွင် သတ္တုတွင်းပေါက်ကွဲမှုကြောင့် သေဆုံးရသူရှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေကြောင်း ဇင်ဘာဘွေ ပြန်ကြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**၂၈ ဦး သေဆုံး**

ဇင်ဘာဘွေနိုင်ငံတွင် အဆိုးရွားဆုံးသတ္တုတွင်းမတော်တဆဖြစ်မှုကို လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းကလည်း တွေ့ကြုံခံစားခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေလွှမ်းမိုးမှုတစ်ခုဖြစ်ပွားခဲ့ခြင်းကြောင့် ကာဒိုမာဒေသရှိ သတ္တုတွင်းလုပ်ငန်းဒေသ၌ သတ္တုတူးဖော်ရေးလုပ်သား ၂၈ ဦး သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**



# အမေရိကန်၏အဏုမြူစမ်းသပ်မှုကို ဟီရိုရှီးမားမြို့တွင် ဆန့်ကျင်ဆန္ဒပြ

**ဟီရိုရှီးမား မေ ၂၇**

အမေရိကန်ပြည်ထောင်စုက ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့သည့်အဏုမြူစမ်းသပ်မှုကို ကန့်ကွက်သည့် ဆန့်ကျင်ဆန္ဒပြမှုကို ဟီရိုရှီးမားမြို့တွင် လူတချို့က မေ ၂၇ ရက်တွင် ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယင်းဆန္ဒပြမှုတွင် ၁၉၄၅ ခုနှစ်အတွင်းက အဏုမြူဗုံးအကြဲချခံရမှုတွင် အသက်မသေဘဲ ရှင်ကျန်ခဲ့သူအချို့လည်း ပါဝင်ကြသည်။ အဖွဲ့အစည်း ၁၂ ခုမှ လူပေါင်း ၈၀ ခန့်ပါဝင်သည့် ဆန့်ကျင်ဆန္ဒပြသူများက ဟီရိုရှီးမားမြို့ ငြိမ်းချမ်းရေး ပန်းခြံအတွင်းရှိ အဏုမြူဗုံးဒဏ်ခံရသူများအတွက် ရည်စူးပြုလုပ်ပေးသည့် မီးရှူးတိုင်နေရာတွင် ထိုင်သပိတ်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့သည် အဏုမြူစမ်းသပ်မှုအားလုံးကို ဆန့်ကျင်ရှုတ်ချသည့်စာတန်းများပါရှိသော နဖူးစည်းများကို စည်းနှောင်ထားကြသည်။

ယင်းဆန္ဒပြပွဲကို မိနစ် ၂၀ ကြာ ပြုလုပ်ခဲ့ပြီးနောက် အဏုမြူဗုံးကြဲချခံရစဉ်က အသက်မသေဘဲရှင်ကျန်ခဲ့သည့်အဖွဲ့မှ ကိုယ်စားလှယ် တိုရှိယုကီမီမာကီက သတင်းထောက်များနှင့် တွေ့ဆုံပြောကြားခဲ့သည်။

၎င်းတို့အစုအဖွဲ့အနေဖြင့် ကမ္ဘာကြီးသည် အဏုမြူလက်နက်များဖျက်သိမ်းရေးသို့ ဦးတည်သွားနေသည့် လမ်းကြောင်း၌ လမ်းခုလတ်တွင်သာ ရှိနေသေးသည်ဟု ၎င်းတို့အဖွဲ့က ယုံကြည်ကြောင်း မီမာကီက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ ဓာတ်ခွဲခန်းမှ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ထုတ်ပြန်သည့်ကြေညာချက်တွင် ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က အဏုမြူစမ်းသပ်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျဗက်ဇာရစ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး။

# အီရန်ခေါင်းဆောင်များနှင့် အစည်းအဝေးအတွက် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး ပြင်ဆင်

**တိုကျို မေ ၂၇**

အီရန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် လာမည့်လတွင် အီရန်နိုင်ငံသို့ အလည်အပတ်သွားရောက်မည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစီအစဉ်နှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံအစိုးရတာဝန်ရှိသူများက နောက်ဆုံးညှိနှိုင်းဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

တိုကျိုမြို့၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ်အတွင်း ရှင်ဇိုအာဘေး၏ ဆွေးနွေးမှုတွင် အမေရိကန်ပြည်ထောင်စုနှင့် အီရန်အကြား ကြားနေနိုင်ငံတစ်နိုင်ငံအဖြစ် ဆောင်ရွက်မည့် ရည်ရွယ်ချက်များကိုလည်း အာဘေးက ထပ်လောင်းပြောကြားခဲ့သည်။

အီရန်နိုင်ငံက ခြိမ်းခြောက်မှုများပြုလုပ်လာခြင်းကြောင့် ထရန့်အစိုးရကလည်း အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်စုနှင့် ဗုံးခွဲတိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း၊ အဆိုပါလှုပ်ရှားမှုမှာ နှစ်နိုင်ငံအကြားတင်းမာမှုများကို တိုးလာစေခဲ့ကြောင်းပြောကြားခဲ့သည်။

ထို့ကြောင့် အာဘေး၏ ပြောကြားလာမှုကို အမေရိကန်သမ္မတထရန့်က သဘောတူညီကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ရှင်ဇိုအာဘေး၏ အီရန်ခရီးစဉ်ကိုလည်း မကြာမီသွားရောက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၇၈ ခုနှစ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ဖူကူဒါ အီရန်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက်ပိုင်း ရှင်ဇိုအာဘေး၏ ခရီးစဉ်သည် အီရန်နိုင်ငံသို့ သွားရောက်မည့် ပထမဆုံးသော ဂျပန်နိုင်ငံဝန်ကြီးချုပ်ခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံသား အိုင်အက်စ်အဖွဲ့ဝင် သုံးဦးကို အီရတ်တရားရုံးတစ်ရုံးက သေဒဏ်ချမှတ်

**ဘဂ္ဂဒက် မေ ၂၇**

အီရတ်နိုင်ငံတွင်းရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)နှင့် ပူးပေါင်းလုပ်ဆောင်မှုဖြင့် အပြစ်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည့် ပြင်သစ်နိုင်ငံသား သုံးဦးကို အီရတ်တရားရုံး တစ်ရုံးက မေ ၂၆ ရက်တွင် သေဒဏ်ချမှတ်ခဲ့ကြောင်း တရားရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

**ရုံးတင်စစ်ဆေး**

၎င်းတို့အား အမေရိကန်က ထောက်ခံအားပေးသည့် တပ်ဖွဲ့များက ဆီးရီးယားနိုင်ငံတွင်း၌ အိုင်အက်စ်အိုင်အယ်လ် တပ်ဖွဲ့များနှင့် တိုက်ခိုက်မှုအတွင်း ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အား ရုံးတင်စစ်ဆေးမှုပြုရန် အီရတ်နိုင်ငံသို့ လွှဲအပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် အီရတ်နိုင်ငံတွင် ပထမဆုံးသေဒဏ်ချမှတ်ခံရသည့် ပြင်သစ်နိုင်ငံသား အိုင်အက်စ်အိုင်အယ်လ်အဖွဲ့ဝင်များဖြစ်ကြသည်။

သေဒဏ်ချမှတ်ခံရသည့် ပြင်သစ်နိုင်ငံသား သုံးဦးမှာ ကီဗင်ဂိုနော့၊ လီယိုနတ်လိုပက်ဇ်နှင့် အာလမ်မက်ချူတို့ဖြစ်ပြီး ၎င်းတို့သည် ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ခွင့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အိုင်အက်စ်အိုင်အယ်လ် အဖွဲ့ဝင် ဦးရေ ထောင်ပေါင်းများစွာကို အီရတ်နိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းထားသည်။ ၎င်းတို့သည် မကြာသေးမီလများအတွင်းက အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှ ဇာတိနိုင်ငံသို့ ပြန်လည်ပေးပို့ခံရသူများဖြစ်ပြီး ၎င်းတို့အား အမေရိကန်က ထောက်ခံအားပေးထားသည့် ဆီးရီးယားဒီမိုကရက်တစ် တပ်ဖွဲ့များက အိုင်အက်စ်အဖွဲ့၏ ကာလီဖိတ်နိုင်ငံအား တိုက်ဖျက်ရာတွင် ပြုလုပ်ခဲ့သည့် တိုက်ပွဲများအတွင်း၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

**လွှဲပြောင်းထိန်းသိမ်း**

အီရတ်တရားရုံးများက အိုင်အက်စ်အဖွဲ့ဝင် နိုင်ငံခြားသားဦးရေ ရာနှင့်ချီကာ တရားစီရင်မှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့အား ပြစ်ဒဏ်အလိုက် ထောင်ဒဏ်တစ်သက်နှင့် သေဒဏ်များချမှတ်ခဲ့သော်လည်း အိုင်အက်စ်အိုင်အယ်လ် အဖွဲ့ဝင် မည်သည့်နိုင်ငံခြားသားကိုမျှ အဆုံးစီရင်ခြင်း မရှိသေးပေ။

မေ ၂၆ ရက်က သေဒဏ်ချမှတ်ခြင်းခံရသည့် ပြင်သစ်နိုင်ငံသား အိုင်အက်စ်အဖွဲ့ဝင် သုံးဦးအပါအဝင် ပြင်သစ်နိုင်ငံသား ၁၂ ဦးကို ဆီးရီးယားနိုင်ငံတွင် ဖမ်းမိခဲ့ပြီး ဖေဖော်ဝါရီလအတွင်းက အီရတ်နိုင်ငံသို့ လွှဲပြောင်းထိန်းသိမ်းထားခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

...........................................

# ဆိုမာလီယာမြောက်ပိုင်းတွင် အိုင်အက်စ်အကြမ်းဖက်သမား သုံးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက် ပြောကြား

**မိုဂါဒစ်ရှူး မေ ၂၇**

ဆိုမာလီယာနိုင်ငံမြောက်ပိုင်းတွင် မေ ၂၆ ရက်က အိုင်အက်စ်စစ်သွေးကြွများအား အမေရိကန်ဦးဆောင်သော လေကြောင်းမှ တိုက်ခိုက်မှုတစ်ခုကြောင့် အိုင်အက်စ်အကြမ်းဖက်သမားသုံးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ပြောကြားချက်ကို ယနေ့ ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

**ကွပ်မျက်ခံခဲ့ရ**

ဂိုလစ်တောင်တန်းတွင် ဆိုမာလီယာနိုင်ငံ အစိုးရတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် အိုင်အက်စ်စစ်သွေးကြွများအား ပစ်မှတ်ထားသော တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်းလည်း အမေရိကန်-အာဖရိကစစ်ဌာနချုပ်က ပြောကြားခဲ့သည်။ လက်ရှိတွင် အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံး သို့မဟုတ် ဒဏ်ရာရရှိမှုမရှိကြောင်း အမေရိကန်-အာဖရိကစစ်ဌာနချုပ်က ပြောကြားခဲ့သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ယခုလအတွင်း အကြမ်းဖက်များအခြေစိုက်သည့်နေရာဟု လူသိများသော ဂိုလစ်တောင်တန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ကွပ်မျက်ခံခဲ့ရကြောင်းသိရသည်။

**ဆင်ဟွာ**

# ငါးသယံဇာတပြန်လည်တိုးပွားမှုကြောင့် ဘင်္ဂလားပင်လယ်အော်အတွင်း ငါးဖမ်းဆီးမှု ဘင်္ဂလားဒေ့ရှ်အစိုးရ နှစ်လကြာ ပိတ်ပင်

**ဒါကာ မေ ၂၇**

အစိုးရက ဘင်္ဂလားပင်လယ်အော်အတွင်း ငါးဖမ်းဆီးမှု နှစ်လကြာ ပိတ်ပင်ပြီးနောက် ရာချီသော ဘင်္ဂလားဒေ့ရှ် တံငါသည်များသည် ပြီးခဲ့သည့်အပတ်က နိုင်ငံတောင်ပိုင်း၌ ဆန္ဒဖော်ထုတ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အစိုးရ၏ ၆၅ ရက်ကြာ ငါးဖမ်းဆီးမှု ပိတ်ပင်တားမြစ်ချက် အာဏာသက်ရောက်လာပြီးနောက် လက်ကိုင်ပိုစတာများ၊ အောင်လံတံခွန်များ ကိုင်ဆောင်ထားသည့် တံငါသည်များသည် ကမ်းရိုးတန်းဒေသရှိ ကျေးရွာများမှ ကော့ဘဇားမြို့သို့ ချီတက်လာခဲ့ကြသည်။ "ဒီလို ငါးဖမ်းဆီးမှုပိတ်ပင်တာ မှားယွင်းသလို တရားမျှတမှုလည်း မရှိပါဘူး။ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံကမှ ဒီလိုမျိုး အကြာကြီးပိတ်ပင်ထားတာမရှိပါဘူး"ဟု ဆန္ဒဖော်ထုတ်ပွဲအတွင်း အလုပ်သမားသမဂ္ဂခေါင်းဆောင် ကိုလင်းအူလာက ပြောကြားခဲ့သည်။ အစိုးရ၏ ငါးဖမ်းဆီးမှု ပိတ်ပင်တားမြစ်မှုက လူဦးရေ သန်း ၂၀ ခန့်နေထိုင်ပြီး အများစုမှာ ငါးဖမ်းဆီးမှုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မှီခိုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသမှ ခရိုင်များနေ ထောင်ပေါင်းရာနှင့်ချီသော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းကို ထိခိုက်စေခဲ့ကြောင်း ၎င်းက ပြောသည်။

"ဒီလို ပိတ်ပင်တားမြစ်တာဟာ ဆင်းရဲတဲ့ တံငါသည်တွေကို အခက်အခဲဖြစ်စေခဲ့ပါတယ်"ဟု သူက ပြောသည်။ ငါးများ ဘေးကင်းစွာ မျိုးပွားနိုင်စေရန်နှင့် ငါးသယံဇာတ တိုးပွားလာစေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့် အပတ်အတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း ငါးဖမ်းဆီးမှု ပိတ်ပင်ခဲ့သည်။ ငါးဖမ်းဆီးခြင်းပိတ်ပင်မှုမှာ မေ ၂၀ ရက်မှ ဇူလိုင် ၂၃ ရက်အထိဖြစ်ပြီး ထိုကာလအတွင်း ရေတပ်နှင့်ကမ်းခြေစောင့်တပ်မှ ရေယာဉ်များသည် တားမြစ်ထားသည့် ဘင်္ဂလားပင်လယ်အော်အတွင်း ငါးဖမ်းလှေများ ဝင်ရောက်ခြင်းကို တားမြစ်ရန် ကင်းလှည့်စောင့်ကြပ်မည်ဟု ငါးလုပ်ငန်းဝန်ကြီး အက်ရှ်ရက်အလီခန်းက ပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းနီးမြစ်များအတွင်း ငါးဖမ်းဆီးမှုကို ရာသီအလိုက် ပိတ်ပင်မှုရှိသော်လည်း ယခုအကြိမ်မှာ အချိန်အကြာဆုံး ပိတ်ပင်မှုဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

ဆန္ဒဖော်ထုတ်သူများက ကော့ဘဇားမြို့ရှိ အုပ်ချုပ်ရေးမှူးထံသို့ စာချုပ်မူကြမ်းတစ်စောင် တင်သွင်းခဲ့ပြီး ငါးဖမ်းဆီးခြင်းပိတ်ပင်မှုကို တစ်လအထိ လျှော့ချရန်နှင့် အစိုးရက ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်အတွင်း ပြည်ပငါးဖမ်းသင်္ဘောများ ဝင်ရောက်ခြင်းကိုတားဆီးရန် တောင်းဆိုခဲ့ကြောင်း အူလာက ပြောသည်။ လျော်ကြေးအနေဖြင့် ငါးဖမ်းဆီးမှုပိတ်ပင်ခြင်းကြောင့် ဆိုးရွားစွာ အကျိုးရိုက်ခတ်မှုခံခဲ့ရသည့် တံငါသည်မိသားစု သန်းဝက်ခန့်အတွက် ထမင်းများ အခမဲ့ပေးဝေမည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရက ကြေညာခဲ့သည်။ ပိတ်ပင်တားမြစ်သည့် အချိန်ကာလ မလျှော့ပေးပါက ဒါကာမြို့တော်အထိ ချီတက်မည်ဟု တံငါသည်များက ခြိမ်းခြောက်ခဲ့သည်။




**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# လှိုင်သာယာမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ စက်မှုဇုန်(၄)ရှိ ကျန်စစ်သားလမ်းမပေါ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မေ ၂၇ ရက် ညနေပိုင်းက လှိုင်သာယာမြို့နယ်တွင် မိုးရွာသွန်းခဲ့ပြီး ည ၉ နာရီ ၅ မိနစ်ခန့်တွင် စက်မှုဇုန် (၄) ကျန်စစ်သားလမ်းမကြီးပေါ်ရှိ ROO HSING အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါမီးလောင်ရာသို့ မီးငြှိမ်းသတ်ယာဉ် ၂၆ စီး၊ အထောက်အကူပြုယာဉ် ရှစ်စီး၊ ကွပ်ကဲမှု ယာဉ်ခုနစ်စီးဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးစီး၍ ငြှိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၅ မိနစ်တွင်မီးငြိမ်းခဲ့ပြီး Level-2 ဖြင့် ငြှိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။



စက်ရုံ၏ မီးကြွင်းမီးကျန်များကို ည ၁၀ နာရီအထိ ငြှိမ်းသတ်ခဲ့ပြီး မီးလောင်ရခြင်း အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သစ္စာ**

# အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား တက်ရောက်ရန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များအား ဖိတ်ကြား

**နယူးဒေလီ မေ ၂၇**

အိန္ဒိယအစိုးရသည် မေ ၃၀ ရက်တွင် ကျင်းပမည့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် ဝန်ကြီးဖွဲ့၏ ဒုတိယသက်တမ်းကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် ချီးမြှင့်တက်ရောက်ကြရန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအား ဖိတ်ကြားထားကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက မေ ၂၇ ရက်တွင် ပြောကြားသည်။

**အိမ်နီးချင်းဦးစားပေးမူဝါဒ**

အိန္ဒိယအစိုးရသည် ၎င်း၏ အိမ်နီးချင်းဦးစားပေးမူဝါဒနှင့်အညီ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များကိုယခုကဲ့သို့ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ဘင်းမ်စတက်အဖွဲ့တွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည်။

**ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

**❖ ပိုဟန်စတီးလားစ်မှ**

ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ခြေစမ်းပွဲကစားမည့် အသင်းသုံးသင်းမှ နည်းပြများနှင့် ကစားသမားများ တက်ရောက်ခဲ့သည်။ ပိုဟန်စတီးလားစ်အသင်းနည်းပြ ချွဲဆွန်ဟိုက "ကျွန်တော်အနေနဲ့ ငယ်ငယ်ကတည်းက မြန်မာ့ဘောလုံးအကြောင်းကို သိထားတဲ့သူဖြစ်ပါတယ်။ မြန်မာအသင်းနဲ့ မစိမ်းခဲ့ပါဘူး။ မြန်မာအသင်းအကြောင်းကို ကောင်းကောင်း သိခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်ကအကြောင်းကို ပြန်ပြောရမယ်ဆိုရင် တောင်ကိုရီးယားအသင်း အာရှမှာကစားရတဲ့ ခက်ခဲတဲ့အသင်းဆိုတာ မြန်မာအသင်းပဲ ရှိပါတယ်။ (ဦး)မောင်မောင်၊ (ဦး) အေးမောင်တို့ဆိုရင် ကျွန်တော်ကောင်းကောင်း သိပါတယ်။ ဒီလိုနိုင်ငံမျိုးမှာ လာရောက်ကစားခွင့်ရတာ ကျွန်တော်တို့အသင်းအတွက် အကျိုးအမြတ်ထက် ကစားခွင့်ရတာကိုပဲ ကျေနပ်ပါတယ်။ မြန်မာနိုင်ငံမှာ ခြေစမ်းပွဲ လာရောက်ကစားခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီခရီးစဉ်ကို စီစဉ်ပေးတဲ့ Myanmar Posco နဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့က မေ ၂၉ ရက်မှာ K-League-1 ပြိုင်ပွဲ ယှဉ်ပြိုင်ဖို့ရှိပေမယ့် ဒီခရီးစဉ်ကလည်း အရင်ကတည်းက စီစဉ်ထားတာကြောင့် နှစ်ခုစလုံးအဆင်ပြေအောင် ပြင်ဆင်ထားပါတယ်။ နိုင်ငံခြားသားကစားသမားတွေတော့ ဒီခြေစမ်းပွဲတွေမှာ ပါဝင်မှာမဟုတ်ပါဘူး။ လူငယ်ကစားသမားတွေကို အဓိကကစားစေမှာပါ။ အကောင်းဆုံး ယှဉ်ပြိုင်ကစားမှာပါ"ဟု ပြောကြားခဲ့သည်။

ရောဝတီအသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ကျွန်တော်တို့အတွက် အကျိုးရှိမှာဖြစ်သလို အတွေ့အကြုံကောင်းတွေ အများကြီးရမှာဖြစ်လို့ အကောင်းဆုံးကစားသွားမှာပါ။ ဒီလိုအသင်းမျိုးနဲ့ ကစားခွင့်ရအောင် စီစဉ်ပေးတဲ့ ဘောလုံးအဖွဲ့ချုပ်နဲ့ အသင်းဥက္ကဋ္ဌတို့ကို ကျေးဇူးတင်ပါတယ်။ ပိုဟန်စတီးလားစ်အသင်းက ကျွန်တော် ကစားသမားဘဝလက်ထက်ကတည်းက အသင်းကောင်းတစ်သင်းဖြစ်ပြီး အခုအချိန်ထိလည်း အသင်းကောင်းဖြစ်နေဆဲဖြစ်ပါတယ်။ လက်ရှိအနေအထားက သူတို့က ကျွန်တော်တို့ထက် အများကြီး အဆင့်မြင့်သွားပါပြီ။ သူတို့ကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

**ပါဝင်နိုင်မှာမဟုတ်**

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်က "ကျွန်တော်တို့အသင်းက ဇွန် ၇ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် ဗီယက်နမ် ယူ-၂၂ အသင်းနဲ့ ခြေစမ်းပွဲတွေအတွက် ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒီလို ထိပ်တန်းအဆင့်ရှိတဲ့ အသင်းတစ်သင်းနဲ့ ကစားခွင့်ရတာ ကောင်းပါတယ်။ ဒီပွဲမှာ လူစုံပါဝင်နိုင်မှာ မဟုတ်ဘဲ ရှုံး၊ ထွက် ပွဲကစားရမယ့် ကလပ်အသင်းက ကစားသမားတွေ ပါဝင်နိုင်မှာမဟုတ်ပါဘူး"ဟု ပြောကြားသည်။

**အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်**

အာရှဘောလုံးအင်အားကြီး တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းအဆင့်ရှိ ကလပ်အသင်းတစ်သင်း၏ ခရီးစဉ်မှာ မြန်မာအသင်းများအတွက် အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်လာမှာ သေချာနေသည်။

**ရှိုင်းထက်ဇော်**

**❍ ၂၀၁၉ အာရှ ယူ-၁၉ မှ**

အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားအသင်းတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စု(က)တွင် အိမ်ရှင် ထိုင်း၊ မြောက်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။

နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည့် လေးသင်း၊ ခြေစစ်ပွဲအောင် လေးသင်း စုစုပေါင်း ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို နှစ်ရက်ခြားတစ်ပွဲ ကစားမည်ဖြစ်သည်။ အုပ်စုပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်၊ ဆီမီးဖိုင်နယ်ပွဲများကို နိုဝင်ဘာ ၆ ရက်၊ ဗိုလ်လုပွဲနှင့် တတိယ နေရာလုပွဲကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်ထိုင်းပါဝင်သည့် အုပ်စုတွင်ပါဝင်ခြင်းမရှိသောကြောင့် အာရှထိပ်သီးအသင်းများနှင့်သာ ကျရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ဂျပန်အသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တရုတ်အသင်း၊ နိုဝင်ဘာ ၃ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဇွန် ၃၀ ရက်တွင် ကစားသမား ၃၀ ဖြင့် စတင်လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် နိုင်ငံတကာခြေစမ်းပွဲများ၊ ပြည်တွင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# မောင်တောမြို့၌ ARSA အကြမ်းဖက်အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၄) လိပ်ရ(မြောက်)ကျေးရွာ၌ မေ ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် အူခီးယားမြို့နယ် ပါလောင်ခါလီကျေးရွာ ဆာမားကူဒုက္ခသည်စခန်းမှ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ARSA အကြမ်းဖက်အဖွဲ့ဝင် မာမွတ်ဟာရှင်း(ခ)ဟာရှင်းမူလ္လာ (၂၂)နှစ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ ၎င်းသည် မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်)ရွာ၌ နေထိုင်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီး နောက်ရက်များတွင် မိဘများနှင့်အတူ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေး၍ ဆာမားကူဒုက္ခသည်စခန်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဒုက္ခသည်စခန်းတွင် နေထိုင်စဉ် ARSA တာဝန်ခံ မာဂျူဟာရ်(၃၅) နှစ်နှင့် အက္ကရာ(၃၀)နှစ်တို့က ဒုက္ခသည်စခန်းအား ထိန်းချုပ်အုပ်ချုပ်ထားပြီး ARSA အတွက် စည်းရုံးလူသစ်စုဆောင်းခြင်းများ ပြုလုပ်ခဲ့သဖြင့် ၎င်းအနေဖြင့်လည်း ၂၀၁၈ ခုနှစ် ဆန်းပိုင်းတွင် ARSA အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း။

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ဆာမားကူ ဒုက္ခသည်စခန်းမှ ၎င်းပါ လူငယ် ၂၀၊ အခြားဒုက္ခသည်စခန်းအသီးသီးမှ ၃၀ စုစုပေါင်း ၅၀ တို့သည် အကြမ်းဖက်သင်တန်းအား ဆာမားကူဒုက္ခသည်စခန်း၌ပင် တစ်လသင်တန်း တက်ရောက်ခဲ့ကြောင်း၊ ၎င်း၏သင်တန်းသားအမှတ်မှာ ARSA-34 ဖြစ်ပြီး သင်တန်းတွင် လက်နက်ငယ်ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းနှင့် ကိုယ်ခံပညာများအား သင်ကြားခဲ့ရကြောင်း၊ သင်တန်းအတွက်လိုအပ်သော ရိက္ခာပစ္စည်းများအား ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများ၊ ဆော်ဒီအာရေဗျ၊ မလေးရှား၊ ထိုင်းနှင့် နိုင်ငံအတွင်းရှိ ARSA အဖွဲ့အား ထောက်ခံသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ရန်ပုံငွေကောက်ခံရယူ၍ ထောက်ပံ့ခဲ့ကြောင်း။

ဆာမားကူ ဒုက္ခသည်စခန်းတွင် ၎င်းအပါအဝင် ARSA သင်တန်းဆင်းပြီးသူ ၄၀ ခန့်ရှိပြီး တစ်ဆောင်လျှင် ရှစ်ဦးခန့်စီဖြင့် အခြားဒုက္ခသည်များနှင့်အတူ ရောနှောနေထိုင်ကြောင်း၊ မေ ၂၂ ရက်တွင် အက္ကရာနှင့် စကားများရန်ဖြစ်ရာမှ ဓားမြှောင်နှင့်ထိုးကာ ထွက်ပြေးခဲ့ကြောင်း၊ ငါးဖမ်းလှေတစ်စီးအား တာကာငွေ ၂၀၀၀ ပေး၍ မြန်မာနိုင်ငံဘက်သို့ ပို့ဆောင်ခိုင်းပြီး နယ်စပ်ခြံစည်းရိုးအား ကျော်ဖြတ်၍ ကျီးကန်းပြင်(တောင်)ရွာရှိ ဦးလေးဖြစ်သူ ဇာဖောအာမတ်ထံ သွားရောက်ရန် ထွက်ခွာလာစဉ် လုံခြုံရေးအဖွဲ့များနှင့်တွေ့ရှိ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုသိရှိရသဖြင့် ၎င်းအား ကြိမ်ချောင်းနယ်မြေရဲစခန်း (ပ)၆/၂၀၁၉၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူခရိုင် ဥပဒေအရာရှိ ဦးမောင်မောင်အေးနှင့် ဆွာနယ်မြေ ရဲစခန်းမှူး ရဲအုပ်နေလင်းအောင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ဆွာမင်းလမ်း ကျေးရွာအုပ်စု အေးသာယာရွာနေ မောင်ပိုင်(ခ) ရဲထက်ပိုင်နှင့် မတိုးတိုးဝေတို့ ချစ်ကြိုက်ကြပြီး ခိုးရာလိုက်ခဲ့ရာ ရပ်ရွာဓလေ့အရ လက်ထပ်စာချုပ်ချုပ်ဆိုခဲ့ခြင်းအား မတိုးတိုးဝေ၏ဖခင်က မကျေနပ်၍ ဆွာမြို့ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာတွင် မောင်ပိုင် (ခ) ရဲထက်ပိုင်၏ အဘိုးပါနှစ်ဦးအား အချုပ်ထဲထည့်ကာ ငွေကျပ်သိန်း ၃၀ ပေးလျှင် လွှတ်ပေးမည်ဟု ပြောဆို၍ ငွေကြေးပေးခဲ့ရခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဆွာနယ်မြေရဲစခန်းတွင် ၂၀၁၈ ခုနှစ် မတ် ၂၅ ရက်တွင် မောင်ပိုင် (ခ)ရဲထက်ပိုင်နှင့် ၎င်း၏အဘိုးပါသုံးဦးတို့အား (ပ)အမှတ် ၄၃/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၆၃/၁၁၄ ဖြင့် ဖွင့်လှစ်ခဲ့သော အမှုနှင့်ပတ်သက်၍ တောင်ငူခရိုင် ဥပဒေအရာရှိ ဦးမောင်မောင်အေးသည် တရားခံတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် သုံးဦးအတွက် ငွေကျပ်သိန်း ၃၀ ပေးရန် ပြောကြားခဲ့သဖြင့် ရှေ့နေမှတစ်ဆင့် ငွေကျပ်သိန်း ၃၀ ကို တောင်းခံရယူခဲ့ပြီး တရားခံသုံးဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ နှင့်အညီ လွှတ်ရန်နှင့် မောင်ပိုင်(ခ) ရဲထက်ပိုင် တစ်ဦးတည်းကိုသာ တရားစွဲဆိုရန် ဥပဒေထင်မြင်ချက်ပေးခဲ့ခြင်း၊ ဆွာနယ်မြေရဲစခန်းမှူး ရဲအုပ်နေလင်းအောင်သည် ရဲစခန်းပိုင်းအနေဖြင့် အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဟု ပြောဆိုကာ တရားခံ၏ သမီးက ပေးအပ်သည့် ငွေကျပ်သုံးသိန်းကို အထက်တန်းရှေ့နေမှတစ်ဆင့် တောင်းခံရယူခဲ့ခြင်း၊ အထက်တန်းရှေ့နေက စီစဉ်ပေးသည့် မိုးကောင်းကင်ဘီယာဆိုင်၊ ရွှေပြည်သူ KTV, ROYAL ROSE KTV, အမေ့သား KTV, EVERY JOY KTV များသို့ သွားရောက်၍ ဧည့်ခံပြုစုသည့် ဝန်ဆောင်မှုများကို ရယူခဲ့ခြင်း၊ တံစိုးလက်ဆောင်ရယူခဲ့ခြင်းတို့ဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တောင်ငူခရိုင်ဥပဒေအရာရှိ ဦးမောင်မောင်အေးနှင့် ဆွာနယ်မြေရဲစခန်းမှူး ရဲအုပ်နေလင်းအောင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မရဲစခန်းနှင့် ရေတာရှည်မြို့မရဲစခန်းတို့တွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မင်းဘူး-ပွင့်ဖြူသွားကားလမ်းတွင် ယာဉ်တစ်စီး လမ်းဘေးသစ်ပင်အား ဝင်တိုက်

**ပွင့်ဖြူ မေ ၂၇**

မင်းဘူး- ပွင့်ဖြူ သွားလမ်း မိုင်တိုင်အမှတ် ၁၈ မိုင် သုံးဖာလုံနှင့် လေးဖာလုံအကြားတွင် မေ ၂၆ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က ယာဉ်မောင်း သိန်းထွန်းဦး မောင်းနှင်သည့် HIJET ယာဉ်သည် အရှေ့မှအနောက်သို့ မောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏တောင်ဘက် လမ်းဘေးသစ်ပင်အား ဝင်တိုက်မိခဲ့ပြီး ယာဉ်၏ရှေ့ခန်းတွင် လိုက်ပါလာသူ သစ်ပုတီးကုန်းကျေးရွာနေ ဒေါ်စိန်မြိုင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း သိန်းထွန်းဦးတွင် ဒဏ်ရာများရရှိကာ ပွင့်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသနိုင်ရန် ပို့ဆောင်ထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းကိရိယာများနှင့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

# လားရှိုးမြို့နယ်တွင် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းကိရိယာများနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**

ရှမ်းပြန်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟိုခိုကျေးရွာအုပ်စု ဂျာရန်ကျေးရွာနေ ရွှမ်ကျုံး(ခ) ပေါင်ဆာ့ဇော်နော်၏နေအိမ်မှ မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း မယ(ပ) ၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အမှုဖြစ်သည့် ဆီဘောက်ဆာယာဉ်အတွင်းမှ ဘိန်းဖြူ ၄၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၈၅ ဒသမ ၁ သိန်းပြား သိမ်းဆည်းရမိသောအမှုမှ ကွင်းဆက်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ လားရှိုးမြို့နယ် ဟိုခိုကျေးရွာအုပ်စု ဂျာရန်ကျေးရွာနေ ရွှမ်ကျုံး(ခ)ပေါင်ဆာ့ဇော်နော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေစဉ် ၎င်းအား မတွေ့ရှိဘဲ နေအိမ်မှ စိတ်ကြွဆေးပြား ၇၄၀၀၀၊ ဘိန်းစိမ်း ၅၄ ဒသမ ၅ ကီလို၊ ဘိန်းဆီခဲ ၁ ဒသမ ၂ ကီလို၊ တရုတ်စာတန်းပါယမ်းပျော့တောင့် ၇၅၀၊ Acetic Acid ၁၀ လီတာ၊ ဘိန်းဖြူဘလောက်တုံး(အကြေမှုန့်) သုည ဒသမ ၁၁ ကီလို၊ ပွိုင့် ၃၀ ကာဘိုင်သေနတ် တစ်လက်၊ ကျည်အိမ်ခြောက်ခု၊ ကျည် ၁၀၉ တောင့်၊ တူမီးသေနတ် တစ်လက်၊ အီကွေးမင့် နှစ်ခု၊ လက်ပစ်ဗုံး ငါးလုံးနှင့် စိတ်ကြွဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းနှင့် ကိရိယာများအား သိမ်းဆည်းရမိခဲ့သဖြင့် ရွှမ်ကျုံး(ခ) ပေါင်ဆာ့ဇော်နော် (၄၆) နှစ် (ဖမ်းမမိသေး)အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေဘိုအကျဉ်းထောင်၌ နိုင်ငံပိုင်အဆောက်အဦနှင့် ပစ္စည်းများအား ဖျက်ဆီးခဲ့ကြသူ အကျဉ်းသား အကျဉ်းသူ ၅၆ ဦးအား အရေးယူဆောင်ရွက်

**ရွှေဘို မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့အကျဉ်းထောင်အတွင်း မေ ၈ ရက် ညနေ ၄ နာရီ ၃၅ မိနစ်က ဆူပူမှုဖြစ်စဉ်တွင် ရွှေဘိုအကျဉ်းထောင်အတွင်းရှိ နိုင်ငံတော်ပိုင်အဆောက်အဦများနှင့်ပစ္စည်းများအား ဖျက်ဆီးခဲ့ကြသော အကျဉ်းသား အကျဉ်းသူ ၅၆ ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဝင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ တိုင်းဒေသကြီးရှိ ရွှေဘိုအကျဉ်းထောင်အတွင်း နိုင်ငံတော်လွတ်ငြိမ်းသက်သာခွင့်နှင့်ပတ်သက်၍ ထောင်တွင်း ဆူပူဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး အကျဉ်းသားများမှာ ထောင်အတွင်းရှိ နိုင်ငံပိုင်အဆောက်အဦများနှင့် ပစ္စည်းများအား ဖျက်ဆီးခဲ့ရာ မိန်းဂျေးအတွင်းရှိပစ္စည်းများ၊ စာကြည့်တိုက်အတွင်းရှိပစ္စည်းများ၊ ထောက်ပံ့ရေးရုံးရှိပစ္စည်းများ၊ ငွေစာရင်းရုံးရှိပစ္စည်းများ၊ ဆေးပေးခန်းရှိပစ္စည်းများ၊ စားဖိုကြီးရှိပစ္စည်းများ၊ ၁၅ ခန်းတိုက်ရှိပစ္စည်းများ၊ ငါးခန်းတိုက်ရှိပစ္စည်းများ၊ အိပ်ဆောင် (၁) (၂) (၃) ရှိပစ္စည်းများ၊ အလုပ်ရုံရှိပစ္စည်းများနှင့် ကျန်းမာရေးဌာနမှ TB ရောဂါရှာဖွေရေးစက်ကြီးနှင့် ဆက်စပ်ပစ္စည်းများအား ဖျက်ဆီးခဲ့ရာ စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ၁၆၁၅၂၆၅၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အဆိုပါအမှုအား ရွှေဘိုမြို့မရဲစခန်းမှ ဒုရဲအုပ်မင်းအောင်က အမှုစစ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ရွှေဘိုအကျဉ်းထောင်အတွင်းရှိ နိုင်ငံပိုင်အဆောက်အဦများနှင့်ပစ္စည်းများအား ဖျက်ဆီးခဲ့ကြသော အကျဉ်းသား အကျဉ်းသူ ၅၆ ဦးအား ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့မရဲစခန်းမှ သိရသည်။

**မိုးသောက်(ရွှေဘို)**

# မောင်တောမြို့တွင် စိတ်ကြွဆေးပြား ၉၇၅၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်-၂ ရပ်ကွက် မီးစက်လမ်းကြားတွင် ယမန်နေ့ညပိုင်းက စိတ်ကြွဆေးပြား ၉၇၀၀၀၀ ကျော်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



မောင်တောမှ မူးယစ်တပ်ဖွဲ့စု တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် ည ၈နာရီ မိနစ် ၄၀ က မောင်တောမြို့ ကညင်တန်းရပ်ကွက် မီးသတ်လမ်းဆုံတွင် သတင်းအရ CRV မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံရှာဖွေရာ မောင်တောမြို့ အမှတ်(၂)ရပ်ကွက် မီးစက်လမ်းကြားတွင် ၎င်းမော်တော်ယာဉ်ကို တွေ့ရှိရပြီး စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား ၉၇၅၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယနေ့နံနက်ပိုင်းက အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မက်မန်း၊ ခေါင်လန်ဖူးနှင့် ဟိုမိန်း...တို့သည်

မြင့်စိုး (နတလ)

**မော်ဖဒေသက မက်မန်းဆိုသောမြို့ကလေး**

မက်မန်းမြို့လေးကို ကျွန်တော်သတိရနေမိတယ်။ ရင်ထဲမှာရှိတဲ့အတိုင်းပြောရရင်တော့ သတိရနေမိတယ်ဆိုတာထက် လွမ်းနေမိတာ။ ဒါတောင် တစ်ခေါက်ပဲရောက်ဖူးတာနော်။ သို့သော်ငြားလည်းပေါ့လေ၊ ၂၀၀၃ ခုနှစ် စက်တင်ဘာလကစပြီး မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတွေမှာ နယ်စပ်မှတ်တမ်းဆိုတဲ့ ခေါင်းစဉ်နဲ့ နယ်စပ်ဒေသတစ်ခုချင်းအလိုက် ယခင်အခြေအနေ၊ ငြိမ်းချမ်းရေးရပြီးနောက် ယခုအခြေအနေ၊ ဆောင်ရွက်ပေးပြီးတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအကြောင်းရေးခဲ့ဖူးတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေတဲ့ဒေသ ၁၈ ခုထဲမှာ မော်ဖဒေသ (မက်မန်းဒေသ) လည်းတစ်ခုအပါအဝင်ဖြစ်တာမို့ သူနဲ့ ပတ်သက်ပြီး မော်ဖမှာ ရွာတဲ့မိုး။

**တစ်ခါတုန်းက မော်ဖဒေသ**

တစ်ခါတုန်းက မော်ဖဒေသမှာဆိုတဲ့ ဆောင်းပါးနှစ်ပုဒ်စပြီးရေးသား တင်ပြခဲ့ဖူးပါတယ်။ သည်တုန်းက ရေးမည့်သာရေးရတာ မော်ဖဒေသကို ကျွန်တော်မရောက်ဖူးသေးဘူး။ နတလမှာ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်သွားတဲ့ ဗိုလ်မှူးကြီးသန်းဆွေ (သံအမတ်ကြီး- ငြိမ်း)ရဲ့အတွေ့အကြုံတွေ၊ ဒီဒေသမှာ ရာထူးအဆင့် အမျိုးမျိုးနဲ့ စစ်ဆင်ရေးဝင်ခဲ့ဖူးတဲ့ ကိုဇော်ဦး၊ ကိုစိန်လင်း၊ ကိုအုန်းမြင့်၊ ကိုစန်းဝေတို့ ပြန်လည် ပြောကြားမှုတွေအပေါ် ခံစားပြီး ရေးဖွဲ့လိုက်တာ၊ မော်ဖဒေသက တိုက်ပွဲအကြောင်းတွေ၊ ဆားက အစ စားသောက်ကုန်ရှားပါးတာတွေ၊ အဲဒီလိုဒေသမျိုးမှာ ဗိုလ်မှူးကြီးသန်းဆွေ တပ်ရင်းမှူး တာဝန်ထမ်းဆောင်စဉ်က မက်မန်းဒေသ ဝန်ထမ်းများနဲ့ ပူးပေါင်းပြီး ရှင်အပါး ၁၀၀ ပြုပွဲကြီး ကျင်းပခဲ့ပုံတွေ၊ မော်တော်ကားကို မမြင်ဖူးမစီးဖူးကြတဲ့ ရွာသားတွေကို ရိက္ခာလာပို့တဲ့ တီအီး-၁၁ ကားကြီးတွေပေါ်တင်ပြီး မောင်းခိုင်း၊ စီးခိုင်းခဲ့တာတွေ ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ၁၉၈၉ ခုနှစ်က စတင်ပြီး မော်ဖဒေသမှာ ဆောင်ရွက်ပေးခဲ့တဲ့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း ဖော်ပြပေးခဲ့ပါတယ်။

ပြောလိုရင်းကတော့ မော်ဖဒေသကို မရောက်ဖူးသေးသည့်တိုင် ၂၀၀၃-၂၀၀၄ ခုနှစ်မှာ မော်ဖ(မက်မန်းဒေသ)ဟာ ကျွန်တော့်ရင်ထဲကိုရောက်နေပါပြီ။ ညွှန်ကြားရေးမှူးဘဝမှာ ရှမ်းပြည်နယ်ကို ခဏတာဝန်ယူလိုက်ရပါသေးတယ်၊ ဒါပေမယ့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နဲ့ (တောင်ပိုင်း) ဒေသတွေ၊ ကိုးကန့်၊ ပလောင်၊ ပအိုဝ်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတို့ကို ရောက်ခဲ့သော်ငြားလည်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းဒေသနဲ့ အလှမ်းဝေးဆဲ၊ အရောက်အပေါက်မရှိဆဲဘဲဖြစ်ခဲ့ရပါတယ်။ ရှမ်းပြည်နယ်ကို တာဝန်ယူထားရာက ကချင်၊ ချင်း၊ စစ်ကိုင်းနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ပြောင်းကိုင်ရတဲ့ အခါ မော်ဖဒေသနဲ့ ပိုလို့ပိုလို့ ဝေးသွားပါပြီ။

**ကိုယ်ချင်းစာတရားထားမိ**

ဒီလိုနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်ထဲမှာမှ ကျွန်တော်အသွားချင်ဆုံးနေရာ မော်ဖ(မက်မန်းဒေသ)ကို ရောက်ခဲ့ရ၊ မင်းရန်အောင်စေတီတော်ကို ဖူးမြော်ခဲ့ရတာပဲဖြစ်ပါတယ်။ မော်ဖဒေသရဲ့တစ်ချိန်က ပုံရိပ်တွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ လမ်းပန်းဆက်သွယ်ရေးကတော့ တိုးတက်လာတာအမှန်ပါပဲ။ နတလ၊ ပဆင၊ ကျေးလက် သူ့အပိုင်းနဲ့သူ တာဝန်ယူလုပ်ပေးနေပါတယ်။ မက်မန်းက တစ်မြို့တစ်ခရိုင်ဘဝနဲ့ ခရိုင်အဆင့်ရထားပြီး ဝန်ထမ်းအားလုံးကလည်း သံယောဇဉ်ကြီးစွာ ကြိုးစားဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ မက်မန်းကအပြန်မှာ ဗိုလ်ချုပ်အောင်ဇော်အေး(ယခု ရမခတိုင်းမှူး)က ကျေးရွာ ၁၂ ရွာအတွက် ဆိုလာမီး ၃၆၆ စုံ၊ ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း ခွင့်ပြုပေးပါရန် တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ခွင့်ပြုပေးခဲ့ပါတယ်။ မက်မန်းမြို့က ဆောက်လုပ်ဆဲဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွက်လည်း ပြည်ထောင်စုဝန်ကြီးထံတင်ပြပြီး အလှူငွေများ လှူဒါန်းခွင့်ရခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးပိုကောင်းလာစေဖို့အတွက် ရောင်အူကြီးကနေ အနောက်ဘက်သံလွင်မြစ်ထိ ၁၂ မိုင် ဖောက်ခွင့်ရရှိရေးလည်း ပြည်ထောင်စုဘတ်ဂျက်(သို့မဟုတ်) ပြည်နယ် ဘတ်ဂျက်နဲ့ ဆောင်ရွက်နိုင်အောင် အကြံပြုခဲ့ပါတယ်။ အောင်သံလွင်- ကောင်းကေး-ရောင်အူကြီး-ဝမ်စလောင်း ၂၃ မိုင်ကတော့ ပြည်ထောင်စုဘတ်ဂျက်၊ ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်တွေနဲ့ တော်တော်လေးကောင်းနေပါပြီ။ မက်မန်းမြို့လေးနဲ့ မက်မန်းဒေသ ပိုပြီးဖွံ့ဖြိုးတိုးတက်လာစေဖို့ဆိုရာမှာ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍတွေ ယခုအခြေအနေထက်မြင့်မားလာဖို့ လိုအပ်ပါတယ်။ မီးစက်နဲ့ ညနေ၆ နာရီကနေ ည ၉ နာရီအထိပဲပေးနိုင်တဲ့ အခြေအနေကနေ လွတ်မြောက်စေချင်လှပါပြီ။ ရေအားလျှပ်စစ်ရဖို့ ကြိုးပမ်းဆောင်ရွက်နေကြတယ်လို့ ကြားရတာကြောင့်လည်း ဝမ်းသာမိပါတယ်။ ကျွန်တော်တို့လည်း မြစ်ဝကျွန်းပေါ်က ရွာတစ်ရွာမှာ ရေနံဆီ မီးခွက်နဲ့ဘဝကို စခဲ့ရတာမို့ နယ်စပ်ဒေသအားလုံးအပေါ် ကိုယ်ချင်းစာတရားထားမိပါတယ်။

မက်မန်းမြို့လေးကို သတိတရရှိနေချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ မိုင်းပျဉ်းမြို့နယ် အထကတုံတာ ကျောင်းအုပ်ကြီး ဆရာကြီး ဦးမြင့်သိန်းက မတ်လအတွင်း မက်မန်းမြို့အထကကို သွားပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်ခဲ့ရတာတွေ၊ စာမေးပွဲတာဝန်အပြီးမှာ ပန်ဆန်းဘက်ကို မရောက်ခဲ့သည့်တိုင် ပွိုင့် ၆၀၂၈၊ ပွိုင့် ၅၇၁၀ တောင်ကုန်းတွေဘက်ကို ရောက်ခဲ့တဲ့အကြောင်း၊ ဆရာကြီးမောင်ဆွေသက် (ဗိုလ်မှူးကြီး ညွန့်ဆွေ- ငြိမ်း)ရဲ့ ရေးသားခဲ့သော ကဒူးမမှ မော်ဖသို့ စာအုပ်ကိုဖတ်ပြီး ကတည်းက ထိုဒေသကို ရောက်ဖူးချင်နေသူဖြစ်ကြောင်း၊ မွတ်နိုးနဲ့ ကောင်းလန်းရွာတွေအထိ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း၊ ဒေသထွက် ဆန်မလုံလောက်တဲ့အတွက် စားရေးအခက်အခဲမရှိအောင် ရိက္ခာဆန်ထောက်ပံ့ပေးသင့်တဲ့ ဒေသတွေဖြစ်ကြောင်း၊ ပြောင်းဖူးနဲ့ လက်ဖက်ခြောက်ထွက်ပေမယ့် ဈေးကွက်မရှိလို့ ရောင်းဝယ်ဖောက်ကားဖို့ခက်ခဲကြောင်း ရေးသားတင်ပြထားပါတယ်။ ကိုယ်တွေကလည်း မက်မန်းဒေသကို သတိရနေမိချိန်မှာ ဆရာကြီးရဲ့ ရေးသားချက်တွေကို ဖတ်ရတဲ့အခါ ပိုပြီးလွမ်းမိသွားပါရောလား မက်မန်းမြို့လေးရေ.....။



**သံယောဇဉ်လွှမ်းတင်ခဲ့မိလေသော ခေါင်လန်ဖူး**

ပင်စင်စားဘဝကို ရောက်သွားသည့်တိုင် ဌာနအကြီးအကဲများက အကူအညီတောင်းလာတာရယ်၊ ကိုယ်တိုင်ကလည်း ဝါသနာပါတာရယ်ကြောင့် ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှာ မြန်မာ့ရုပ်မြင်သံကြားက ဦးဇေယျာကျော်ဝင်း ခေါင်းဆောင်တဲ့ ရိုက်ကူးရေးအဖွဲ့နှင့်အတူ ကချင်ပြည်နယ် ပူတာအို၊ မချမ်းဘော့၊ နောင်မွန်၊ ပန်နန်းဒင်ဒေသများရဲ့ဖွံ့ဖြိုးတိုးတက်မှုများနဲ့ မငွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅ မိုင် ၄ ဖာလုံ ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ရိုက်ကူးခဲ့ကြပါတယ်။ အဲဒီနောက် ကျွန်တော့်စာမူထဲကအတိုင်း အိပ်မက်လမ်းသို့ ခရီးရှည်အမည်နဲ့ မိနစ် ၅၀ ခန့်မျှ အားပါးတရ တည်းဖြတ်ထုတ်လွှင့်သွားခဲ့ကြပါတယ်။ မငွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅ မိုင် ၄ ဖာလုံအနက် ဆန်းလွတ်ချက်တောင်ထိပ်အထိ ဖောက်လုပ်ပြီးသမျှ ၃၃ မိုင် ၆ ဖာလုံလမ်းပိုင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ခေါင်လန်ဖူးဘက် ကျန်တဲ့လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ပေးနေပါတယ်။

ခေါင်လန်ဖူးမြို့ကနေ ဆန်းလွတ်ချက်တောင်ဘက်ကို လတ်တလောသွားလာနိုင်အောင် ဆိုင်ကယ်လမ်းဖောက်လုပ်နေပါတယ်။ ဆိုင်ကယ်စီးလို့မရသေးတဲ့ ကြားလမ်းခရီးလေးကိုပဲ လမ်းလျှောက်ရမှာဖြစ်ပါတယ်။ လမ်းလျှောက်ရတယ်ဆိုပေမယ့်လည်း တစ်ချိန်က ကားလမ်း လုံးဝမပေါက်ခင် ပူတာအိုကနေ ခေါင်လန်ဖူးထိ ၁၁ရက်၊ ၁၂ ရက်ခန့် ခြေကျင်လျှောက်ရပါတယ်။ အဲဒီနောက် ၂၀၁၀ ပြည့်နှစ် ပူတာအို-နောင်မွန်ကားလမ်းပေါက်သွားတော့ ကျန်ခရီးကိုအနည်းဆုံး သုံးလေးရက်လောက်လျှောက်နေရဆဲ။ ဟော အခုနေခါမှာတော့ကြားထဲမှာ နာရီပိုင်းလောက်လေးပဲ လမ်းလျှောက်ရတော့တာပါ။ ပြီးခဲ့တဲ့ မတ်လထဲမှာ ခေါင်လန်ဖူးဒေသကနေ နောင်မွန်မြို့ကို သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူလေးများ ဆန်းလွတ်ချက်တောင်ထိပ်အရောက် တပျော်တပါး နေ့လယ်စာစားနေကြတဲ့ မှတ်တမ်းဓာတ်ပုံတွေ တွေ့လိုက်ရပါတယ်။ နတလက လမ်း ဖောက်နေတဲ့ အဖွဲ့ကလည်း ကလေးအားလုံးကို ကားတွေပေါ်တင်ပြီး နောင်မွန်မြို့အထိ လိုက်ပို့ပေးခဲ့ကြောင်းသိရပါတယ်။ သူတို့လေးတွေကို ဖျတ်ခနဲတွေ့လိုက်ရတဲ့အခါ ခေါင်လန်ဖူးဒေသရဲ့ ပညာရည်မြင့်မားရေးကို လက်ဆင့်ကမ်းတာဝန်ယူကြရမည့် အနာဂတ်ပုံ့ကိုင်ရှင်လေးတွေအဖြစ် ယုံကြည်အားထားစိတ်တွေ ဖြစ်ပေါ်လာမိတာအမှန်ပါပဲ။ ရဝမ်တိုင်းရင်းသားတွေမည့်ကြောင်း ကျွန်တော့်ရဲ့ဆောင်းပါးတွေမှာ ဖော်ပြခဲ့ပြီးပါပြီ။ ပို၍ ပို၍ တိုးတက်စေချင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုဒဏ်ကို ခါးစည်းခံစားရင်း ပညာရေး၊ ကျန်းမာရေးကအစ လူမှုစီးပွားဘဝအားလုံးနောက်ကျကျန်ရစ်နေရတာဖြစ်ပါတယ်။

မငွေဇ- ခေါင်လန်ဖူး ကားလမ်းကြီးပေါက်သွားရင်တောင် ဒေသတွင်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လုပ်ဆောင်ရပါဦးမယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ ကွယ်လွန်သွားရရှာတဲ့ ကျောင်းဆရာမလေး ဇယ်နော အကြောင်းကို ခရမ်ခူ(မြစ်ကြီးနား)က သူရိယ နေ့ဝန်းဂျာနယ်မှာ ရေးသားခဲ့ပါတယ်။ မြစ်ကြီးနားဇာတိ၊ ကချင်တိုင်းရင်းသူ ဆရာမလေးဇယ်နော၊ ကျောင်းဆရာမအလုပ်ကို ဝါသနာပါလွန်းလို့ PPTTဝင်လျှောက်ပြီး တာဝန်ကျရာ ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်ထဲက ဖန်တုံအလက (ခွဲ) ကျောင်းကိုသွားခဲ့တယ်။ ဒီအချိန်က မငွေဇ-ခေါင်လန်ဖူး လမ်းမှ မပေါက်သေးဘဲလေ၊ ဆိုင်ကယ်တစ်လှည့် ခြေကျင်တစ်လှည့်နဲ့ သွားခဲ့ရ၊ ဆန်းလွတ်ချက်တောင်ကြီးကိုကျော်၊ ခေါင်လန်ဖူးကိုရောက်ပြီးနောက် ဖန်တုံရွာဘက်ကို မိုင် ၄၀ လောက် နှစ်ညအိပ်သုံးရက်ထပ်ပြီး လမ်းလျှောက်ရသေးတယ်လို့ ဆိုပါတယ်။ ဖန်တုံအလကကိုရောက်ပြီး လေးလလောက်အကြာမှာပဲ အားနည်းပြီး ဖျားပါပြီ။ ပါလာတဲ့ဆေးဝါးတွေကိုလည်း ရွာကနေမကောင်းဖြစ်သူတွေကို တိုက်လိုက်လို့ ကိုယ်ဖြစ်တဲ့အချိန်မှာ သောက်စရာဆေးကမရှိတော့ပြီ။ ကျွန်တော်ကြားဖူးထားတာတစ်ခုကလည်း နယ်စွန်နယ်ဖျားကိုသွားရတဲ့ ပညာရေးဝန်ထမ်းတွေဟာ ရွာလူထုကိုတတ်နိုင်သမျှ ဆေးဝါးကုသပေးရင်း ပညာဒါနအပြင် ကျန်းမာရေးပညာပေးလုပ်ငန်းတွေပါ လုပ်ဆောင်ပေးလေ့ရှိကြတယ်ဆိုတာပါပဲ။

**စာမျက်နှာ ၁၉ သို့**

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

**အခန်း (၈)**

**အကာအကွယ်ပေးခြင်းခံရသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့် အကာအကွယ်ပေးခြင်းမခံရသည့် စာပေ သို့မဟုတ် အနုပညာဆိုင်ရာကိစ္စရပ်များ**

၁၃။ မူလဖန်တီးမှုများဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို အကာအကွယ်ပေးရမည်။ အဆိုပါလက်ရာများတွင် အောက်ဖော်ပြပါလက်ရာများပါဝင်သည် -

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသားချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့် ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှုလက်ရာနှင့် စင်မြင့်ပေါ်တွင် တင်ဆက်သည့် အခြားစာပေ သို့မဟုတ် အနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးသီချင်းနှင့် တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာ အပါအဝင် အရုပ်အသံလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်းပြုထားသည့် လက်ရာ၊ သစ်သားဖြင့်ပြုလုပ်သည့် လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှုပစ္စည်း၊ ရွှေခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်နှင့် ဆင်ယင်ထုံးဖွဲ့မှုများ၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့် လက်ရာ၊ ရွှေချည်ထိုးနှင့် အနုစိတ်သည့် အခြားအနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်အဆင်၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင် ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာလက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေ သက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ။

၁၄။ စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ ဖော်ပြချက်နည်းလမ်း သို့မဟုတ် ပုံသဏ္ဍာန်၊ ယင်းတို့၏ ပါရှိမှု၊ အရည်အသွေးနှင့် ရည်ရွယ်ချက်တို့ မည်သို့ပင်ရှိစေကာမူ ဖန်တီးမှုပါရှိပါက ယင်းစာပေ သို့မဟုတ် အနုပညာလက်ရာကို အကာအကွယ်ပေးရမည်။

၁၅။ စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ မူပိုင်ခွင့်ကို မထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွားလက်ရာများကို အကာအကွယ်ပေးရမည် -

(က) စာပေ သို့မဟုတ် အနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်းနှင့် အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း၊

(ခ) ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကို စုပေါင်းခြင်း အပါအဝင် စာပေ သို့မဟုတ် အနုပညာ လက်ရာများကို စုပေါင်းခြင်း၊

(ဂ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် အချက်အလက်များကို ဖတ်၍ရသည့် စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ စုပေါင်းရာတွင် ဖန်တီးမှုပါရှိခြင်း။ သို့ရာတွင် စုပေါင်းရာ၌ ပါဝင်သည့် အချက်အလက်များသည် အကာအကွယ်ပေးခြင်းနှင့် မသက်ဆိုင်စေရ။

၁၆။ ပုဒ်မ ၁၃၊ ၁၄ နှင့် ၁၅ တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာသည် အောက်ပါအချက်အလက်တစ်ရပ်ရပ်တွင် အကျုံးဝင်လျှင် စာပေနှင့် အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးအတွက် အကာအကွယ် မရရှိစေရ -

(က) စိတ်ကူးစိတ်သန်း၊ လုပ်ထုံးလုပ်နည်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်း၊ သင်္ချာအတွေးအခေါ်အယူအဆ၊ အခြေခံမူ၊ ရှာဖွေတွေ့ရှိချက် သို့မဟုတ် အချက်အလက်များ၊

(ခ) သက်ဆိုင်ရာနေ့၏ သတင်း သို့မဟုတ် ပုံနှိပ်ဖော်ပြထားသော သတင်းအချက်အလက်ဟု သတ်မှတ်နိုင်သော လက္ခဏာရှိသည့် အမျိုးမျိုးသော အချက်အလက်များ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများ၊

(ဃ) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဦးစီးဌာနများမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊

(င) တရားရုံးစီရင်ချက်များနှင့် အမိန့်များ၊

(စ) ပုဒ်မခွဲ (ဂ) မှ (င) အထိပါ အချက်အလက်များအား အစိုးရမှ တရားဝင်ဘာသာပြန်ဆိုခြင်းနှင့် စုပေါင်းခြင်း။

**အခန်း (၉)**

**စာပေနှင့် အနုပညာမူပိုင်ခွင့်သက်တမ်း**

၁၇။ စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိစေကာမူ -

(က) စီးပွားရေးဆိုင်ရာအခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည် -

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀၊

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက နောက်ဆုံးမူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀၊

(၃) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက မူလလက်ရာရှင်၏ ခွင့်ပြုချက်ဖြင့် အများပြည်သူရရှိခံစားနိုင်စေရန် ဆောင်ရွက်ပြီးသည့်နှစ်မှ နှစ် ၅၀ သို့မဟုတ် ထိုသို့ ဆောင်ရွက်ခဲ့ခြင်းမရှိပါက လက်ရာကို ပြုလုပ်ပြီးသည့် နှစ်မှ နှစ် ၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊အမည်ပွားဖြင့်ဖြစ်စေထုတ်ဝေပြီးဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါကအများပြည်သူရရှိခံစားနိုင်ရန် တရားဝင်စတင်ဆောင်ရွက်ပြီးသည့် နှစ်မှ နှစ် ၅၀၊ သို့ရာတွင် အဆိုပါ သက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ပေါ်ပေါက်လာပါက ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် ဖော်ပြသည့်ကာလ၊

(၅) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိသည့် ကိစ္စရပ်များမှအပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပထမမူပိုင်ခွင့် ပိုင်ရှင်အဖြစ်စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူရရှိခံစားနိုင်ရန် တရားဝင် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်းတစ်ရပ်ရပ်အနက် နောက်ကျရာ နှစ်မှ နှစ် ၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာ ပြုလုပ်ပြီးသည့် နှစ်မှ ၂၅ နှစ်။

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိကာလအထိ ဖြစ်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ အကာအကွယ်ပေးမည့် သက်တမ်းအားရေတွက်ရာတွင် မူလလက်ရာရှင် ကွယ်လွန်သည့်နှစ် သို့မဟုတ် လက်ရာကိုဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်းတို့ကို ပြုလုပ်သည့်နှစ်နှင့် တစ်ဆက်တည်းနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ရေတွက်ရမည်။

**အခန်း (၁၀)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ**

၁၈။ အခန်း(၁၂)ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ် တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည်-

(က) မူပွားခြင်း၊

(ခ) ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊

(ဂ) မူရင်း သို့မဟုတ် မိတ္တူကိုရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

ခြွင်းချက်။ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကိုလွှဲပြောင်းထားပြီးသော စာပေ သို့မဟုတ် အနုပညာလက်ရာမူရင်း သို့မဟုတ် မိတ္တူအပေါ်တွင် ဖြန့်ချိသည့် အခွင့်အရေးကို မရရှိစေရ။

(ဃ) ကွန်ပျူတာပရိုဂရမ်၊ အရုပ်အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှု လက်ရာ၊ ဖိုနိုဂရမ်တွင်ထည့်သွင်းထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ၊ အချက်အလက်အစုအဝေး သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာတို့၏ မူရင်း သို့မဟုတ် မိတ္တူကို အများပြည်သူသို့ အခကြေးငွေဖြင့်ငှားရမ်းခြင်း၊

ခြွင်းချက်။ သို့ရာတွင် ငှားရမ်းခြင်း၌ ကွန်ပျူတာပရိုဂရမ်သည် ငှားရမ်းခြင်း၏ အဓိကအချက်မဟုတ်ပါက အခကြေးငွေဖြင့် ငှားရမ်းခြင်း၏ အခွင့်အရေးနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(င) အများပြည်သူအားဖျော်ဖြေခြင်း၊

(စ) ထုတ်လွှင့်ခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(ဇ) မိမိဖန်တီးထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း။

၁၉။ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့် ပိုင်ရှင်သည် ယင်း၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၂၀။ မူလလက်ရာရှင်သည် စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၈ ပါ အခွင့်အရေးများကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည် -

(က) မူလလက်ရာရှင်ဖြစ်ကြောင်း တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် အများပြည်သူအသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလလက်ရာရှင်အဖြစ် မိမိ၏အမည်ကို ဖော်ပြခွင့်၊

(ခ) အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်ပြုလုပ်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားပြီးဖြစ်လျှင် ယင်းအမည်ဝှက်၊ အမည်ပွားဖော်ပြခွင့်၊

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာနှင့် စပ်လျဉ်း၍ မိမိ၏ ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် လက်ရာကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကိုသော်လည်းကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို သော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့်။

၂၁။ မူလလက်ရာရှင်သည် -

(က) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ မူလလက်ရာရှင်နှင့် သက်ဆိုင်သည့် ဥပဒေအရ အမွေဆက်ခံသူကဖြစ်စေ၊ ယင်းမကွယ်လွန်မီက ဥပဒေအရ လွှဲအပ်ခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၂၀ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးတစ်ရပ်ရပ်ကို ဆက်ခံပိုင်ခွင့်ရှိသည်။

(ခ) သီးသန့်အသုံးပြုမှုများအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးကို စွန့်လွှတ်နိုင်သည်။ ယင်းသို့ စွန့်လွှတ်ကြောင်းကို စာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

**အခန်း (၁၁)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလပိုင်ရှင်အဖြစ်ရရှိသူ**

၂၂။ စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးသည့် မူလလက်ရာရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင်ဖြစ်ရမည်။ သို့ရာတွင်-

(က) ပူးတွဲ မူလလက်ရာရှင်များ၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက -

(၁) ပူးတွဲမူလလက်ရာရှင်များသည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်များဖြစ်ရမည်။

(၂) ပူးတွဲမူလလက်ရာရှင်များ၏ လက်ရာတစ်ခုတွင် သီးခြားစီအသုံးပြုနိုင်သည့် အပိုင်းများပါဝင်ပြီး အပိုင်းတစ်ခုချင်းစီ၏ မူလလက်ရာရှင်ကို ခွဲခြားသတ်မှတ်နိုင်ပါက ထိုသူဖန်တီးသည့်အပိုင်းအတွက် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

(ခ) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာ ဖြစ်ပါက -

(၁) ထုတ်လုပ်သူသည် အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင်ဖြစ်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ရိုးရာဂျပ်ခုတ်ထည်များ ခေတ်နှင့်အညီ ရက်လုပ်ရေးကြိုးပမ်း

**ဘားအံ မေ ၂၇**
အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးငယ်များအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၆ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဖာပွန်မြို့နယ် အခြေချစစ်ဗျူဟာအဖွဲ့(အခြေချ) တပ်နယ် မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က တတ်မြောက်ထားသောစက်ချုပ်ပညာကို အကျိုးရှိစွာ အသုံးချသွားစေလိုကြောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းကို ဆက်လက်ကြိုးစားစေချင်သေးကြောင်း၊ ရိုးရာဂျပ်ခုတ်ထည်များကို ခေတ်နှင့်အညီဆန်းပြားသည့်အထည်များ ရက်လုပ်စေရေးအတွက် ဂျပ်ခုတ်ပညာကိုလည်း သင်ယူထားစေလိုကြောင်း၊ တတ်ထားသည့် အတတ်ပညာများဖြင့် မိမိတို့ဒေသအတွင်းမှာပင် အိုးမကွာအိမ်မကွာ မိသားစုဝင်ငွေရရှိရေးကြိုးစားကြရန် ပြောကြားသည်။

အခြေခံအပ်ချုပ်စက်သင်တန်းတွင် ထူးချွန်ဆုရ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် စတုတ္ထဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က ခြေနင်းအပ်ချုပ်စက်တစ်လုံးစီနှင့် ဂုဏ်ပြုဆုများချီးမြှင့်ပေးပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၇) တောရိုင်းမြေနေရာတွင် အိမ်ရာမြေပိုင်ဆိုင်မှုမရှိသည့် ဒေသခံပြည်သူများအား မြေနေရာချထားပေးနိုင်ရေး မြို့ကွက်သစ်အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စုပေါင်းရုံးရှိ ယွန်စလင်းခန်းမတွင် ပြုလုပ်သော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးငယ်များအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲသို့တက်ရောက်ပြီး ကိုယ်ဝန်ဆောင်မိခင် ၅၇၆ ဦး၊ အသက်နှစ်နှစ်အောက်ကလေးငယ် ၁၀၂ ဦး စုစုပေါင်း ၈၇၈ ဦးကို တစ်ဦးလျှင်ငွေကျပ် ၄၅၀၀၀ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ဖာပွန်-ဝေ့နောင်-တံခွန်တိုင်လမ်း အပိုင်း (၃/၃) မိုင် ကွန်ကရစ်လမ်းခင်းကျင်းနေမှုအခြေအနေနှင့် စက်မှုလယ်ယာ၊ မွေးမြူရေးနှင့်ကုသရေး၊ စိုက်ပျိုးရေးဦးစီးဌာန လေးခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





## ပေါင်းစပ်ညှိနှိုင်းအဖြေရှာခြင်းသည် ဒီမိုကရေစီအလေ့အကျင့်ကောင်းဖြစ်

**အုတ်ဖို မေ ၂၇**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က အုတ်ဖိုမြို့နယ် အောက်ကိုင်ကျေးရွာအုပ်စု ချင်းစု အောင်သုခမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မည်သည့်ကိစ္စရပ်မဆို ပေါင်းစပ်ညှိနှိုင်းအဖြေရှာခြင်းသည် စစ်မှန်သော ဒီမိုကရေစီ အလေ့အကျင့်ကောင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူများအကြား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ကျင့်သုံးမှသာ မေတ္တာတရားကို အခြေခံပြီး လောကပါလတရားနှင့်အညီ ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီသည် လူသားတစ်ဦးချင်းစီ တန်ဖိုးထားသော၊ လူသားဝါဒကို အခြေခံသော၊ ကိုယ်ချင်းစာတရားနှင့်ပြည့်စုံသော သဘောသဘာဝများ ပါဝင်လျက်ရှိကြောင်းနှင့် တိုင်းပြည်ပြုပြင်ပြောင်းလဲရေးကာလတွင် စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲရေးသည် အလွန်အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးရန် တင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးခဲ့ပြီး မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် အမိုးလန် ၃၇ အိမ်၊ ပြိုလဲနေအိမ်ကိုးအိမ်၊ လေဘေးသင့်ပြည်သူ ၃၄ ဦးတို့အတွက် ငွေကျပ် ၂၂၀၈၉၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မုဒုံ မေ ၂၇**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများသည် မေ ၂၄ ရက် နံနက် ၈ နာရီတွင် မုဒုံမြို့နယ် ကမာအုပ်ကျေးရွာ အမက(မူလွန်)ကျောင်းသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမျိုးဦးက ရေရရှိရေးနှင့်ပတ်သက်၍လည်းကောင်း၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးလှထွန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဝင်းဗိုလ်တို့က ကျေးရွာမီးလင်းရေးနှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝဲကလိကျေးရွာ အရှေ့ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းဓမ္မာရုံ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကမာဝက်မြို့ရပ်ကွက်(၁) ရှမ်းစုရပ်၌ တည်ဆောက်လျက်ရှိသော ရွာချင်းဆက်တံတားတည်ဆောက်နေမှုအခြေအနေနှင့် ကမာဝက်မြို့ ရပ်ကွက် (၂) နှင့် ရပ်ကွက် (၃)ရှိ အဝီစိတွင်းများတူးဖော်ထားရှိမှု၊ ရေကန်တည်ဆောက်ထားမှု၊ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေး ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေး

**လွိုင်ကော် မေ ၂၇**
အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၇၃)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၅၂)၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၇) နှင့် အခြေခံသိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲတို့ကို အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သင်တန်းအမျိုးအစား၊ မိမိတို့သင်ယူမည့် သင်တန်းများကို စိတ်အားထက်သန်စွာဖြင့် စနစ်တကျသင်ယူရန်လိုအပ်ကြောင်း၊ ကဏ္ဍအသီးသီးတွင် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးအတွက် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထောင်စုမှ ခွဲဝေချထားသည့် ဘဏ္ဍာငွေကန့်သတ်ချက်ပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေဘဲ တိုင်းရင်းသားများအကျိုးဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးခွဲခြားမှုမရှိဘဲ တိုင်းရင်းသားလူငယ်များ၏ စွမ်းရည်မြှင့်တင်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းကျောင်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှု၊ တက်ရောက်လျက်ရှိသည့် သင်တန်းသားအရေအတွက်နှင့် ဖွင့်လှစ်မည့်ကာလများအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များက သင်တန်းသူများအား သင်ကြားမည့် နမူနာလက်ရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**



## အိမ်တွင်းမှုသင်တန်းနှင့် စက်ချုပ်သင်တန်းဖွင့်

**ဟားခါး မေ ၂၇**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးမှုလုပ်ငန်းပညာသင်ကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၆၈) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်က နယ်စပ်ဒေသရှိ တိုင်းရင်းသူအမျိုးသမီးငယ်များ ကိုယ်ပိုင်ဝင်ငွေရရှိပြီး မိမိဘဝ၊ မိမိစွမ်းအားဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသူလေးများသည် ပညာရှာမှီးရင်း တိုင်းရင်းသူအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် တိုင်းရင်းသူလေးများဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များချမှတ်ကာ သင်တန်းများဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံအိမ်တွင်းမှုသင်တန်းမှ သင်တန်းသူ ၆၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းမှ သင်တန်းသူလေးဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း(၂၀၁၉) ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်ထုပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လူငယ်များအကြားတွင် ဖြောင့်မတ်တည်ကြည်မှုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ နည်းပညာအကူအညီဖြင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း(၂၀၁၉) (Youth Integrity Camp 2019) အား ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်/ကောလိပ် ၁၄ ခုမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၂ ဦးဖြင့် နေပြည်တော် သင်္ဂဟဟိုတယ်တွင် ဇွန် ၃ ရက်မှ ဇွန် ၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အသိပညာပြန့်ပွားရေးအတွက် အဂတိလိုက်စားမှုနှင့် သဘောသဘာဝများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ပြည်တွင်း ပြည်ပ ပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်ပြီး ပြည်ပနိုင်ငံမှ လူငယ်အဖွဲ့တစ်ဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိအမြင်များကို ဖလှယ်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကလေးသူငယ် ၂၀၀ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်းမင်္ဂလာကျင်းပ

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်ရှိ မင်းဗန္ဓုဘုရားကြီး၏ ရောင်တော်ဖွင့်အနေကဇာတင်ခြင်းအလှူမင်္ဂလာနှင့် တော်ဝင်ဆောက်လုပ်ရေးမိသားစုတို့က ကလေးသူငယ် ၂၀၀ တို့ကို ရှင်သာမဏေအဖြစ် ရှင်ပြုအလှူမင်္ဂလာကို မေ ၂၆ ရက် နံနက်က အဆိုပါဘုရားကြီး၏ ပရိဝုဏ်အတွင်း ကျင်းပသည်။

“မင်းဗန္ဓုဘုရားကြီးကို ရောင်တော်ပြန်ဖွင့်မင်္ဂလာအတွက် မတည်လှူဒါန်းတာပါ။ အဲဒီလှူဒါန်းတဲ့ အထိမ်းအမှတ်အနေနဲ့လည်း ရှင်မပြုရသေးတဲ့ ကလေးသူငယ်တွေကို သာသနာ့ဘောင်ထဲ သွတ်သွင်းချီးမြှင့်ပေးတာဖြစ်ပါတယ်” ဟု မတည်အလှူရှင် တော်ဝင် ဆောက်လုပ်ရေးကုမ္ပဏီမိသားစုမှ (လူမှုထူးချွန်ပထမအဆင့်) ဦးကိုကိုထွေးက ပြောသည်။

“အခုလို ရှင်သာမဏေအဖြစ် ကိုရင်ဝတ်ပေးပြီး သာသနာ့ဘောင်ကို သွတ်သွင်းချီးမြှင့်ပေးတာ သာသနာ့အမွေပေးတယ်လို့ဆိုပါတယ်” ဟု ဆရာတော် ဦးပညာသီဟာဘိဝံသ (တရားဦးဓမ္မစကြာဆရာတော်) က မိန့်ကြားသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



# လေဘေးသင့်ပြည်သူများအားထောက်ပံ့ရေးပစ္စည်းများပေးအပ်

**နတ်တလင်း မေ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အနောက်ခြမ်းရှိလေဘေးသင့်ပြည်သူများအား မေ ၂၆ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ကူညီသော ပစ္စည်းများကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့သည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးငြိမ်းချမ်းချို ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်ရက်များက ချောင်းသုံးခွကျေးရွာနှင့် အခြားရွာရှစ်ရွာတွင် လေပြင်းထန်စွာတိုက်ခတ်မှုကြောင့် နေအိမ် ၁၉ လုံး ပျက်စီးသွားခြင်းကြောင့် အိမ်ထောင်စု ၁၉ စုအား တစ်စုလျှင်တာ လဘတ်အကြီး တစ်ခု၊ ဆောင်တစ်ထည်နှင့် ပစ္စည်း ၁၅ မျိုးပါ အမျိုးသမီး အသုံးအဆောင်များပါသည့် အိပ်တစ်လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မြင့်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် စီးပွားရေးမူဝါဒဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပ



**မန္တလေး မေ ၂၇**

ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းက ဦးဆောင်ကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် စီးပွားရေးမူဝါဒဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို မန္တလေးမြို့ ၂၆ လမ်း၊ ၅၅×၅၆လမ်းကြားရှိ အောင်မြင်ခြင်းဟိုတယ်၌ မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာပြည့်စုံအောင်က စာတမ်းဖတ်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်းလျားဘောဂဗေဒသုတေသီအဖွဲ့မှ အချိန်ပိုင်း အကြီးတန်းသုတေသီ ဦးသူရိန်လွင်က မြန်မာနိုင်ငံ၏ လုပ်သားရွှေ့ပြောင်းမှုအကြောင်းရင်းများခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ဦးတင်မောင်သန်း (သင့်ဘဝ)၊ ဦးခိုင်ဝင်း(Sandhi Governance Institute)၊ ဦးသန်းစိုး(ဘောဂဗေဒ) တို့က ဦးဆောင်ဆွေးနွေးပြီး Moderator အဖြစ် ဒေါက်တာမျိုးထက်က ဆောင်ရွက်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေးကွမ်းရွက်ဈေးကွက်တွင် ယခင်နှစ်ကာလတူဈေးနှုန်းထက် နှစ်ဆခန့်မြင့်တက်

**မန္တလေး မေ ၂၇**

မန္တလေးမြို့ ကွမ်းရွက်ဈေးကွက်တွင် ကွမ်းရွက်ဈေးနှုန်း တစ်ပိဿာလျှင် ၁၀၅၀၀ ကျပ်မှ ၁၂၀၀၀ ဝန်းကျင်ထိ ဝယ်ယူသုံးစွဲနေရပြီး မန္တလေးမြို့ ကွမ်းရွက်ဈေးကွက်တွင် ကွမ်းရွက်ဈေးနှုန်းများ ယခင်နှစ်ကာလတူဈေးနှုန်းထက် နှစ်ဆခန့်ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနေရခြင်းဖြစ်ကြောင်း ကွမ်းယာရောင်းချသူများထံမှ သိရသည်။

ကွမ်းအဓိကစိုက်ပျိုးရာဒေသများတွင် အပူချိန်မြင့်မားပြီး မိုးရွာသွန်းမှုမရှိ၍ ကွမ်းရွက်အထွက်နည်းခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း ကွမ်းရွက်ခြံစိုက်တောင်သူများထံမှ သိရသည်။ ကွမ်းခြံများမှာ အအေးဓာတ်လွန်ကဲသည့် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ပုံမှန်အထွက်နှုန်းကျဆင်းလေ့ရှိပြီး ယခုရာသီတွင် အထွက်နှုန်းကျဆင်းခြင်းမှာ ယခုနှစ်တွင် ပထမဆုံးကြုံရခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးကွမ်းရွက်ဈေးကွက်သို့ ရေဦး၊ တန့်ဆည်၊ မုံရွာ၊ ရွှေဘို၊ အရာတော်၊ မြစ်သား၊ ကျောက်ဆည်နှင့် မတ္တရာမြို့နယ်များမှ အများဆုံးစိုက်ပျိုးတင်ပို့ကြပြီး အခြားမြို့နယ်များမှလည်း စိုက်ပျိုးတင်ပို့မှုအနည်းငယ်ရှိသည်။ စိုက်ပျိုးတင်ပို့သည့် ကွမ်းရွက်များမှာ ကွမ်းနုဝါများဖြစ်ပြီး စိုက်ပျိုးရာအရပ်ဒေသနှင့် ရေမြေပေါ်လိုက်၍ ကွမ်းရွက်အရွယ်အစား အထူအပါး ကွာခြားသည်။

မန္တလေးမြို့သို့ဝင်ရောက်လာသည့် ကွမ်းရွက်များမှာ ၃၅ လမ်း၊ ၈၆×၈၇ လမ်းကြားတွင် စုပေါင်းရောက်ရှိကာ ကုန်သည်များက ကွမ်းခြင်းအရိုင်းများကို ဈေးဖြတ်ဝယ်ယူကြပြီး အရည်အသွေးပေါ်မူတည်၍ အကောင်းအသန့်နှင့် အကျဟူ၍ ခွဲခြားကာ မန္တလေးနှင့် အခြားနီးစပ်ရာမြို့များသို့ ပြန်လည်ပို့ဆောင်ရောင်းချကြသည်။

“ကျွန်တော်တို့က ခြံရှင်တွေခူးလာတဲ့ အကောင်းအဆိုး၊ အကြီးအသေးရောနေတဲ့ ကွမ်းရွက်တွေကို ဈေးဖြတ်ဝယ်ပါတယ်။ အကောင်းအသန့်ပြန်ရွေးပြီး အကောင်းကို အကောင်းဈေး၊ အကျကို အကျဈေးနဲ့ ပြန်ရောင်းရတာပါ။ ကွမ်းရွက်အထွက်ကောင်းပြီး ဈေးကျတဲ့အခါမှာ အရောင်းအဝယ်ကောင်းပြီး အထွက်နည်းဈေးနှုန်းတက်လာတဲ့အခါမှာ ကိုယ့်ဖောက်သည်တွေ အခက်အခဲမဖြစ်ရအောင် ထိန်းရောင်းရတဲ့အတွက် အကျိုးအမြတ်လည်းနည်းသလို အရောင်းအဝယ်လည်း ပါးပါတယ်။ ကျွန်တော်တို့အနေနဲ့ ကွမ်းရွက်အထွက်ကောင်းပြီး ဈေးနှုန်းနည်းတဲ့အချိန်ကိုပဲ မျှော်လင့်ပါတယ်” ဟု ညောင်ပင်ဈေးတွင် ကွမ်းရောင်းချသူတစ်ဦးက ပြောသည်။

**အေးမြ(မန္တလေး)**

## တိုတိုထွာထွာဖတ်စရာ

### ရုပ်သံလွှင့်စက်ရုံ မီးဘေးလုံခြုံရေးစစ်ဆေး

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးပေါ်ရှိ ရုပ်သံလွှင့်စက်ရုံအား မီးဘေးလုံခြုံရေးအတွက် မေ ၂၅ ရက် နံနက် ၈ နာရီက ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးသက်နိုင်က ပုပ္ပားတောင်မကြီးပေါ်ရှိ ရုပ်သံလွှင့်စက်ရုံတာဝန်ခံ ဦးထိန်ဝင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍တောမီးလောင်ကျွမ်းမှုများမဖြစ်စေရန် မီးတားလမ်းများ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရန်ကိစ္စရပ်များ၊ လျှပ်စစ်မီးများသုံးစွဲရာတွင် စနစ်တကျသုံးစွဲရန် ပညာပေးရှင်းလင်းဆွေးနွေးပြီး ရုပ်သံလွှင့်စက်ရုံအတွင်းရှိ လျှပ်စစ်မိန်းခုံများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ-မရှိလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

### ခရီးသည်များအား မှုခင်းအသိပညာပေးဟောပြော

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာတွင် မေ ၂၆ ရက် နံက် ၁၁ နာရီက ရထားစီးခရီးသည်များအား မှုခင်းများမဖြစ်ပွားစေရန် မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

နဘားမီးရထားရဲတပ်စုမှ ရဲအုပ်ကျော်စွာဝင်းဦးဆောင်သောရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထား နဘားဘူတာဝန်ထမ်းများပူးပေါင်း၍ မှုခင်းဗဟုသုတများကို ဟောပြောပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**



**မေ ၂၇ နံနက် ၁၁ နာရီက ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက် ဆုတောင်းပြည့်ဓမ္မာရုံ၌ ဒေသခံပြည်သူများအား မြို့မစခန်းမှူးဒုရဲမှူးအေးမြင့်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးထွန်းတို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လောင်းကစားမှုပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောစဉ်။**

နန္ဒကျော်စွာ

## ဖန်ဂရန်ရာဇီတောင်မှ ပြုတ်ကျသွားသူ မစိမ့်ထက်၏ ရုပ်အလောင်းပြန်လည်တွေ့ရှိပြီး ပူတာအိုဆေးရုံ၌ စတင်စစ်ဆေးလျက်ရှိ

**ရန်ကုန် မေ ၂၇**
ဧပြီလလယ်က မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုဒေသရှိ ဖန်ဂရန်ရာဇီတောင်ထိပ်သို့ တက်ရောက်ခဲ့ပြီး တောင်ထိပ်မှအပြန်ခရီးတွင် တောင်အောက်သို့ပြုတ်ကျသွားခဲ့သော မစိမ့်ထက်၏ရုပ်အလောင်းကို မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ ဒုတိယအကြိမ် ရှာဖွေမှုပြုလုပ်စဉ်တွေ့ရှိပြီဖြစ်ကြောင်း သိရသည်။

"ပြုတ်ကျသွားတဲ့ မစိမ့်ထက်ရဲ့ရုပ်အလောင်းကို မေ ၂၄ ရက်က ပြန်လည်တွေ့ရှိတာပါ။ ပူတာအိုမှာပဲသင်္ဂြိုဟ်မယ်ကြားတယ်။ သိပ်တော့မသေချာသေးဘူး။ ရန်ကုန်သယ်ဖို့တော့ အဆင်မပြေဘူးထင်တယ်။ သူ့မိဘတွေက မနက်ဖြန် သဘက်ခါလောက်တော့ရောက်မယ်ထင်တယ်။ တောင်တက်အဖွဲ့နဲ့ ဒေသခံတွေပေါင်းပြီး ဒုတိယအကြိမ်ရှာဖွေတော့မှ တွေ့ရှိခဲ့ပါတယ်။ ရုပ်အလောင်းကတော့ တောထဲကသယ်လာပြီး ဒီညနေ ၄ နာရီခွဲလောက်မှာ ပူတာအိုဆေးရုံရောက်တယ်။ ရင်ခွဲရုံမှာ မှုခင်းဆရာဝန်နဲ့ မှုခင်းရဲတို့စတင်စစ်ဆေးမှုပြုလုပ်ပြီးတော့ ရင်ခွဲရုံမှာဘဲ ထားထားပါတယ်"ဟု ပူတာအိုမြို့မှ တောင်တက်လမ်းပြတစ်ဦးဖြစ်သည့် ဦးယောဆက်က ပြောသည်။

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျင်ဦး ခေါင်းဆောင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ဒုတိယအကြိမ်မြောက် ရှာဖွေကယ်ဆယ်ရေးခရီးစဉ်ကို မကြာမီရက်ပိုင်းက မိသားစုနှင့်တိုင်ပင်၍ ပြန်လည်စတင်ခဲ့ပြီး မေ ၂၄ ရက်မှာတော့ ညီမငယ်မစိမ့်ထက်၏ ခန္ဓာကိုယ်ကို ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် ပူတာအိုရှိ ဖန်ဂရန်ရာဇီတောင်သို့ မစိမ့်ထက်အပါအဝင် အဖွဲ့ဝင် ၂၁ ဦး ပါဝင်သော The Summiter တောင်တက်အဖွဲ့သည် ဧပြီ ၆ ရက်တွင် ထွက်ခွာတက်ရောက်ခဲ့ကာ ဧပြီ ၁၂ရက် မနက်ပိုင်းတွင် တောင်ထိပ်သို့ရောက်ရှိခဲ့ပြီး မနက်ကိုးနာရီကျော်တွင် တောင်အောက်သို့ပြန်ဆင်းရာမှ မစိမ့်ထက်ခြေချော်ကာ တောင်အောက်သို့ ပြုတ်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မစိမ့်ထက် ပြုတ်ကျခဲ့သည့်နေရာကို မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျင်ဦး ခေါင်းဆောင်သော အဖွဲ့က ဧပြီ ၂၄ ရက်တွင် စတင်ထွက်ခွာကာ မေလဆန်းထိ သွားရောက်ရှာဖွေခဲ့သော်လည်း မစိမ့်ထက်၏ လုံခြုံရေးအင်္ကျီ နှင့်မျက်မှန်သာ တွေ့ရှိခဲ့သည်။

ယခု ဒုတိယအကြိမ် ရှာဖွေမှုကို မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့က ဒေသခံတောင်တက်သမားများနှင့်ပူးပေါင်းကာ မေ ၁၈ ရက်မှ စတင် ရှာဖွေခဲ့ရာ မေ ၂၄ ရက်တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

### တိုတိုထွာထွာဖတ်စရာ

#### မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ရမ်းဗြဲ**
ရမ်းဗြဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၇ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ မေ ၂၄ ရက်တွင် ကုလားပုန်းကျေးရွာအုပ်စု လက်ပန်ပြင်ကျေးရွာအုပ်စုနှင့် င/စမိ ကျေးရွာအုပ်စုများသို့ ထုတ်ချေးပေးခဲ့သည်။

ကုလားပုန်းကျေးရွာအုပ်စုမှ စိုက်ဧက ၄၇ ဧက၊ လက်ပန်ပြင်ကျေးရွာအုပ်စုမှ စိုက်ဧက ၁၄၄ ဧက နှင့် င/စမိကျေးရွာအုပ်စုမှ စိုက်ဧက ၁၄၄ ဧကတို့အတွက် ချေးငွေကျပ်သိန်းပေါင်း ၅၀၂၅ သိန်းထုတ်ချေးပေးခဲ့သည်။ ရမ်းဗြဲမြို့နယ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၉၀၃၃၀၀၀၀၀ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ရန်ကုန်**
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်မြို့နယ်ဘဏ်ခွဲမှ ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း မိုးရာသီ စိုက်ပျိုးစရိတ် ကျပ်သန်း ၅၁၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး မေ ၆ ရက်တွင် စတင်ထုတ်ချေးပေးလျက်ရှိကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးမင်းစိန်ထံမှ သိရသည်။

သန်လျင်မြို့နယ် ကျေးရွာအုပ်စု ၂၈ အုပ်စုမှ စိုက်ပျိုးဧက ၃၄၀၀၀ အတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မေ ၂၅ ရက်အထိ ကျေးရွာအုပ်စုသုံးအုပ်စု မှ စိုက်ဧက ၅၆၀ အတွက် ကျပ်သန်း ၈၄ သန်း ထုတ်ချေးပြီးဖြစ်ကာ ကျန်ရှိသော စိုက်ဧက ၃၃၄၄၀ အတွက် ချေးငွေကျပ် ၅၀၁၆ သန်းအား စက်တင်ဘာလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



မေ ၂၇ ရက်တွင် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာ၌ တောင်ညိုနယ်မြေ ရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မြင့်မြတ်က ပြည်သူများအား လူသတ်မှု၊ မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်းကို အသိပညာပေးဟောပြောစဉ်။

အောင်ကို

## အုတ်တွင်းမြို့နယ် တောပုကျေးရွာ၌ လမ်းသစ်ဖွင့်လှစ်

**အုတ်တွင်း မေ ၂၇**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် တောပုကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၂၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး မေ ၂၅ ရက် နံနက်ပိုင်းက လမ်းဖွင့်ပွဲကျင်းပသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အုတ်တွင်းမြို့နယ်တွင် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာပေါင်း ၂၅ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## လေးလက်မအဝီစိစက်ရေတွင်း လှူဒါန်း

**ညောင်ဦး**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သပွတ်စုကျေးရွာတွင် လေးလက်မအဝီစိစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက အဝီစိစက်ရေတွင်းအနီး ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

စက်ရေတွင်းအလှူရှင် မေတ္တာပန်းဥယျာဉ် Online Group မှ အဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်စိုးက စက်ရေတွင်းလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သပွတ်စုကျေးရွာသည် အိမ်ခြေ ၁၁၃ လုံး၊ လူဦးရေ ၅၁၆ ဦးရှိကာ ဒေသခံများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး ကျေးရွာတွင် အဝီစိစက်ရေတွင်းမရှိသည့်အတွက် မေတ္တာပန်းဥယျာဉ် Online Group မှ လာရောက်တူးဖော်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မက်မန်း၊ ခေါင်လန်ဖူးနှင့် ဟိုမိန်း...

စာမျက်နှာ ၁၅ မှ

ဒီလိုနဲ့ ဆရာမလေး ဇယ်နော ရဲ့ အစ်ကိုဖြစ်သူက အပြေးအလွှားလိုက်သွားခဲ့ပြီး ရွာလူကြီးတွေရယ်၊ ကျောင်းအုပ်ဆရာကြီးရယ် အကူအညီနဲ့ မြန်မာ-တရုတ်နယ်စပ်က မြို့လေးကို ပို့ပေးခဲ့ပေမယ့် ရှိန်းခေါင်ရွာလေးမှာပဲ ဆုံးပါးသွားခဲ့ကြောင်း သိရပါတယ်။ ဇယ်နောရေ ... သမီးရဲ့ကိုယ်စားနှုတ်ဆက်လိုက်ပါတယ် ဖာမရာအေ...။ ဘာကြောင့် ဒီလိုဖြစ်သွားရသလဲ။ လမ်းပန်းဆက်သွယ်ရေးပါပဲ။ ခေါင်လန်ဖူးမြို့နယ်အတွင်းမှာ သည်ထက်ပိုပြီး လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ လိုနေပါသေးတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့မျှော်မှန်းချက်ကလည်း ခေါင်လန်ဖူးမှတစ်ဆင့် လန်ဆယ်-ချီဖွေမှသည် မြစ်ကြီးနားအထိ နယ်စပ်ပတ်လမ်း တစ်ခုပေါ်ပေါက်လာရေးဖြစ်တာနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

**ရင်ထဲက ထာဝရဟိုမိန်း**

၁၉၉၆ ခုနှစ်မှာ MTA အဖွဲ့ အကြွင်းမဲ့ လက်နက်စွန့်ချိန်၊ အထူးအုပ်ချုပ်ရေးအဖွဲ့မှာ နတလအဖွဲ့ဝင်တစ်ဦးအနေဖြင့် စတင်ရောက်ခဲ့ဖူးသော ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသက ဟိုမိန်း၊ ထိုမှ ၁၈ နှစ်ခန့်အကြာ ၂၀၁၄ ခုနှစ်မှာ လုပ်ငန်းညွှန်မှူးအနေဖြင့် ထပ်မံရောက်ခဲ့သော ဟိုမိန်း၊ အဲ့ဒီ ဟိုမိန်းမြို့လေးကိုပဲ ၂၀၁၇ ခုနှစ်မှာ တတိယအကြိမ်မြောက်ထပ်မံရောက်ခဲ့ပါသေးတယ်။ ဟိုမိန်းမြို့ကို ဘယ်အချိန် ဘယ်ကာလမှာ သတိအရဆုံးလဲလို့မေးလာခဲ့ရင် သင်္ကြန်ရောက်တိုင်း မေ့မရတဲ့ဒေသတစ်ခုလို့ပဲ ဖြေချင်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့ရယ်၊ MTA တပ်ဖွဲ့ဝင်ဟောင်းတွေရယ်၊ တပ်မတော်သားတွေရယ်၊ နယ်မြေခံလူထုရယ် ပူးပေါင်းဆင်နွှဲခဲ့တဲ့ သင်္ကြန်ပွဲတော်ကို ကျွန်တော့်စိတ်ထဲမှာ ငြိမ်းချမ်းရေးသင်္ကြန်လို့ မှတ်ယူထားတာကြောင့်ပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးသင်္ကြန်အဖြစ် ကျွန်တော့်ရင်ထဲမှာ စွဲနေတဲ့သင်္ကြန်က နှစ်ခုပဲရှိတာပါ။ နောက်တစ်ခုက ၁၉၉၁ ခုနှစ် ဧပြီလမှာ ဦးအိုက်မုန်းတို့ PSLA အဖွဲ့ တရားဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့အချိန် ရှမ်းပြည်နယ်(မြောက်ပိုင်း)က နမ့်ဆန်မြို့မှာ သူတို့နဲ့အတူ ဆင်နွှဲတဲ့သင်္ကြန်ပါ။ ဒါကြောင့် သင်္ကြန်ရောက်ပြီဆိုရင် ကျွန်တော် သည်နေရာ သည်ဒေသတွေကိုပဲ လွမ်းဆွတ်တမ်းတနေမိတယ်ဆိုပါတော့။ နှစ်ကာလကြာလာတာနဲ့အမျှ ဟိုမိန်းမြို့လေးဟာ ဝန်ထမ်းမြို့လေးတစ်ခုလို စနစ်တကျဖြစ်လာတာရယ်၊ တရားဥပဒေစိုးမိုးမှုရှိလာတာရယ်၊ ဒေသခံတွေနဲ့ စည်းလုံးညီညွတ်မှု အားကောင်းလာတာတွေကို မြင်ရကြားရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီနှစ်သင်္ကြန်မှာလည်း ရေကစားမဏ္ဍပ်တွေထိုးပြီး ကစားကြတာတွေ့ရပါတယ်။ ဝိသုဒ္ဓိကျောင်းတော်ကြီးမှာ မိုင်းဖုန်းဆရာတော်ကြီး ကြွရောက်တရားချီးမြှင့်တဲ့အတွက် ဟိုမိန်းဌာနေ ပြည်သူ့စစ်အဖွဲ့ ဥက္ကဋ္ဌ ဦးမဟာကြာနဲ့ ဒ္ဓေပရိသတ်တွေ စည်စည်ကားကား နာယူနေကြတာကိုလည်း ကြားသိလိုက်ရလို့ ဝမ်းသာပီတိဖြစ်မိပါရဲ့။ ဟိုမိန်းဒေသ လမ်းပန်းဆက်သွယ်ရေး ဒီထက်ကောင်းလာဖို့ရယ်၊ နောင်လုံကန်ကြီးကနေ ရေအားလျှပ်စစ်ထုတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြစေဖို့ရယ်၊ တောင်းဆုခြွေရင်း မက်မန်း၊ ခေါင်လန်ဖူးနဲ့ ဟိုမိန်းလွမ်းချင်းကို ရေးဖွဲ့လိုက်ရပါတယ်။



ဂျပန်ရိုက်ကူးရေးအဖွဲ့ မိုင်းပျိုးရွာ၌ ချည်ထည်များ ဆေးဆိုးလုပ်ငန်းလုပ်ကိုင်နေမှုကို သတင်းမှတ်တမ်းရိုက်ကူးစဉ်။

## ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ပုဂံအမှတ်တရ ချည်ထည်များအကြောင်း သတင်းမှတ်တမ်း ရိုက်ကူး

**ရန်ကုန် မေ ၂၇**
ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာတွင် ပုဂံအမှတ်တရ ချည်ထည်များ (Cotton Bagan)အကြောင်း ရုပ်/သံသတင်းမှတ်တမ်းရိုက်ကူးသည်။

ထိုသို့ ရိုက်ကူးရာတွင် ချည်ဆိုးဆေးလုပ်ငန်း၊ ယက္ကန်းရက်လုပ်ငန်းများနှင့် အင်းလေးဒေသ ရှုခင်းများကို ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး မိတ္ထီလာမြို့နယ် သဖန်းကျေးရွာတွင် အထည်ချုပ်လုပ်ပုံနှင့် ပုဂံ၊ ညောင်ဦးမြို့နယ်တွင် ချည်ထည်အရောင်းဆိုင်များကို မေ ၃၁ ရက်အထိ ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် မေ ၂၅ ရက်က တောင်ကြီးမြို့တွင် ချည်ထည်လုပ်ငန်း တည်ထောင်သူလူငယ်များနှင့် တွေ့ဆုံမေးမြန်းခန်း၊ တောင်ကြီးမြို့၏ ရှုခင်းများကို ရိုက်ကူးထားပြီး ဖြစ်ကြောင်းနှင့် ၎င်းရုပ်သံ မှတ်တမ်းအစီအစဉ်ကို ဂျပန်နိုင်ငံ NHK World ရုပ်သံလိုင်း Asia Insight အစီအစဉ်တွင် ပြသရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မန်စီးတီးက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဒီလစ် နေးရှင်းလိဂ်ပွဲစဉ်ပြီးမှ အနာဂတ်အရေးဆုံးဖြတ်မည်

မန်စီးတီးအသင်းက ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည့် အေဂျက်အသင်းခေါင်းဆောင်ဒီလစ်သည် နယ်သာလန်အသင်းနှင့်အတူ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်ပြီးပါက ၎င်း၏အနာဂတ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၁၉ နှစ်အရွယ်ရှိ အေဂျက်အသင်းခေါင်းဆောင် ဒီလစ်သည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ဥရောပကလပ်အသင်းအများစု၏ ပစ်မှတ်ထားခြင်းခံထားရသူဖြစ်ပြီး အေဂျက်အသင်းနှင့်အတူ နယ်သာလန်လိဂ်ဖလားကို ရယူနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းထားနိုင်ခဲ့သူဖြစ်သည်။

အေဂျက်ကစားသမား ဒီလစ်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း၊ ပရီမီယာလိဂ်ပြိုင်ပွဲနှင့် စပိန်လာလီဂါပြိုင်ပွဲတို့မှာ အကြီးမားဆုံးပြိုင်ပွဲများဖြစ်သည့်အတွက် ယင်းလိဂ်နှစ်လိဂ်သို့သာ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိသည်ဟုဆိုသည်။

ဒီလစ်အား မန်စီးတီးအသင်းအပြင် ပရီမီယာလိဂ်မြို့ခံပြိုင်ဘက် မန်ယူအသင်းနှင့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် ဒီလစ်အား ပြောင်းရွှေ့ကြေးအဖြစ် တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းခွဲပေးမည်ဖြစ်သောကြောင့် အဆိုပါလုပ်ခလစာသည် ဘာစီလိုနာအသင်းရှိ ကစားသမားများထက် ပိုမိုရရှိနေသဖြင့် မန်ယူအသင်းသို့သာ ပြောင်းရွှေ့ကစားဖွယ်ရှိသည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။





# လီဗာပူးကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာအား ခေါ်ယူရန် ပီအက်စ်ဂျီအသင်း ချိတ်ဆက်မှုများလုပ်ဆောင်နေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် လီဗာပူးအသင်းကွင်းလယ်ကစားသမားဂျိမ်းစ်မီနာအားခေါ်ယူရန် ချိတ်ဆက်မှုများလုပ်ဆောင်လျက်ရှိပြီး ဂျိမ်းစ်မီနာသည်လည်း လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းနောက်ဆုံးလသို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာအနေဖြင့် မက်ဒရစ်မြို့၌ စပါးအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဖိုင်လ်လုပွဲစဉ်သည် လီဗာပူးအသင်းနှင့် နောက်ဆုံးပွဲစဉ်ဖြစ်လာနိုင်ကြောင်းလည်း သိရသည်။

ဂျိမ်းစ်မီနာသည် စာချုပ်သစ်ချုပ်ဆိုရန်မရှိဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လီဗာပူးအသင်းမှ ထွက်ခွာဖွယ်ရှိနေခြင်းကြောင့် ပီအက်စ်ဂျီအသင်းအတွက်လည်း ခေါ်ယူနိုင်မည့်အခွင့်အရေးတစ်ရပ် ရရှိလိမ့်မည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် မန်ယူအသင်းကွင်းလယ်ကစားသမား ဟာရဲရားပီအက်စ်ဂျီအသင်းသို့ ရောက်ရှိကြောင်းကိုလည်း မကြာမီကြေညာသွားရန် မျှော်လင့်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းလိဂ်ဖလားကို တစ်ကြိမ်မကသိမ်းပိုက်ထားနိုင်ခဲ့သည့်အပြင် ပြည်တွင်းလိဂ်ဖလားပြိုင်ပွဲတွင် အလွှမ်းမိုးနိုင်ဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ထားခဲ့သည်။

ပီအက်စ်ဂျီအသင်းနည်းပြ သောမက်တူချယ်လ်သည်လည်း ၂၀၂၁ ခုနှစ်အထိ ဆက်ရှိမည့် နောက်ထပ်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့သူဖြစ်သည်။ နည်းပြ သောမက်တူချယ်လ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နည်းပြအမ်မရီ၏နေရာတွင် အစားထိုးနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ယခုနှစ်တွင် ပြင်သစ်ပထမတန်းလိဂ်ဖလားကို ဆက်လက်ရယူနိုင်ခဲ့သည့်နည်းပြလည်း ဖြစ်လာခဲ့သည်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်တဲ့ PRISTIN

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ PRISTIN” ဟာ လတ်တလောမှာတော့ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ဖျက်သိမ်းလိုက်ကြောင်းကိုတော့ မေ ၂၄ ရက်မှာ ဒေသတွင်းမီဒီယာတစ်ခုက စတင်ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“ PRISTIN” အဖွဲ့ဝင်တွေနဲ့ အဖွဲ့ရဲ့အေဂျင်စီဟာ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီးနောက်မှာတော့ အဖွဲ့ဖျက်သိမ်းဖို့ရာဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။ အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘက်ဒစ်အန်တာတိန်းမန့်ကလည်း အဖွဲ့ဖျက်သိမ်းလိုက်ကြောင်း၊ သတင်းတွေမှန်ကန်ကြောင်း အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ အဖွဲ့ဝင် ၁၀ ဦးပါဝင်တဲ့ “ PRISTIN” မှ အဖွဲ့ဝင်ခုနစ်ဦးဟာ အေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိဘဲ လမ်းခွဲခဲ့ပြီဖြစ်ပါတယ်။ ကျန်အဖွဲ့ဝင်သုံးဦးကတော့ လက်ရှိအေဂျင်စီနဲ့ လက်တွဲကာ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

“ PRISTIN” ဟာ ၂၀၁၇ ခုနှစ်အတွင်း အနုပညာလှုပ်ရှားမှုတွေကို စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် မီနီတေးအယ်လ်ဘမ်နှစ်ခုကို ထုတ်လွှင့်ခဲ့ပြီး ပွဲဦးထွက်တေးအယ်လ်ဘမ်ဖြင့်ပင် ထူးချွန်ဆုတွေကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။



အေးပြည့် - စုစည်းသည်



# ဂိုဟာရာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်

တရားရင်ဆိုင်မှုတွေနဲ့အတူ စိတ်ခံစားတွေကျနေတဲ့ တောင်ကိုရီးယားကြယ်ပွင့်တစ်ဦးဖြစ်သူ ဂိုဟာရာဟာ လတ်တလောမှာတော့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တာကြောင့် ဆေးရုံမှာ တက်ရောက်ကုသမှုခံယူနေရကြောင်း တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂိုဟာရာဟာ တစ်ချိန်က ကျော်ကြားခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ “KARA” ရဲ့အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပါတယ်။ ချစ်သူဟောင်းအပေါ် ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး သူကလည်း အပြန်အလှန် တရားစွဲဆိုခဲ့ပါတယ်။ တရားရင်ဆိုင်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီးနောက်မှာတော့ ဂိုဟာရာဟာ စိတ်ဓာတ်ကျလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂိုဟာရာဟာ ဆိုးလ်မှာရှိတဲ့နေအိမ်မှာ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံခဲ့တာဖြစ်ပါတယ်။ အသေးစိတ်မသိရှိရပေမယ့် သတိလစ်နေတဲ့ဂိုဟာရာကို နေအိမ်မှာ သူ့ရဲ့မန်နေဂျာက တွေ့ရှိခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ဆေးရုံမှာ ကုသမှုခံယူနေတာဖြစ်တယ်လို့ သိရပါတယ်။ မေ ၂၆ ရက် နံနက်စောစောမှာ မီးခိုးငွေ့တွေနဲ့ပြည့်နေတဲ့ နေအိမ်အတွင်းမှ ဂိုဟာရာကို ဒေသခံရဲတွေက ကယ်ဆယ်ခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ အသက်ရှူနေဆဲဖြစ်ပေမယ့် သတိပြန်လည်လာခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

ဒီလိုသေကြောင်းမကြံစည်မီမှာ ဂိုဟာရာက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ အင်စတာဂရမ်ပေါ်မှာ ပရိသတ်တွေကို နှုတ်ဆက်စာအရှည်ကြီး ရေးသားဖော်ပြခဲ့ကာ နောက်ပိုင်းမှာ စာကိုဖျက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# Britain’s Got Talent မှာ BTS ပါဝင်ဖျော်ဖြေမည်

တောင်ကိုရီးယားရဲ့ကမ္ဘာကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BTS” ဟာ ဗြိတိန်ရဲ့အောင်မြင်တဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ “ Britain’s Got Talent” မှာ ပါဝင်တင်ဆက်ပေးသွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“ Britain’s Got Talent” ရဲ့ ဆီမီးဖိုင်နယ်ကိုတော့ မေ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး “BTS” အနေနဲ့ ပါဝင်ဖျော်ဖြေသွားမယ့်နေ့ကိုတော့ လက်ရှိအချိန်အထိ ထုတ်ပြန်ပြောကြားခဲ့ခြင်း မရှိသေးဘူးလို့ သိရပါတယ်။ ဒီအစီအစဉ်မှာတော့ ကျော်ကြားတဲ့ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဆိုင်မွန်ကောင်ဝဲလ်၊ အမန်ဒါဂိုးဒင်၊ အဲလ်ရှာဒီဆန်၊ ဒေးဗစ်ဝီလီယမ်စ်တို့က အကဲဖြတ်ဒိုင်တွေအဖြစ် ပါဝင်တင်ဆက်ပေးနေတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သော Dr. LEE Jong-wook memorial prize for Public Health (2019) ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအဆင့်မြှင့်တင်ရေးဌာနခွဲက ရရှိ



**နေပြည်တော် မေ ၂၇**
ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၂၄ ရက်က ကျင်းပသည့် (၇၂) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် Dr. LEE Jong-wook memorial prize for Public Health (2019) ဆုပေးပွဲ အခမ်းအနားကိုကျင်းပခဲ့ရာ ယင်းဆုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအဆင့်မြှင့်တင်ရေးဌာနခွဲမှ ရရှိခဲ့သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများအား သွေးတိုးနှင့်ဆီးချိုရောဂါများ စစ်ဆေးကုသပေးခြင်း၊ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း လုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာနများနှင့် ဒေသန္တရကျန်းမာရေးဌာနများတွင် အခြေပြု၍ ဝေးလံခက်ခဲသောဒေသများသို့ အခြေခံကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုများ ယခုထက်ပိုမိုပေးအပ်နိုင်ရန်နှင့် ညွှန်းပို့ရန်လိုအပ်သည့် လူနာများကို ကျန်းမာရေးဌာနများသို့ အချိန်မီညွှန်းပို့ခြင်းများကို ယခုထက်ပိုမိုထိရောက်စွာ စုစည်းဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း (သွေးတိုး၊ ဆီးချိုစစ်ဆေးကုသရေးဆေးခန်း) များကို ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာမှ ယခုအခါ တစ်နိုင်ငံလုံးရှိ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၈၄၉ ခုရှိသည့်အနက် ၅၆၀ တွင် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် Dr. LEE Jong-wook memorial prize for Public Health (2019) ဆုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် Dr. LEE Jong-wook memorial prize for Public Health (2019) ကို ယှဉ်ပြိုင်လျှောက်ထားသည့်နိုင်ငံများအနက် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပူးတွဲရရှိခဲ့ခြင်းဖြစ်ပြီး ဆုတံဆိပ်နှင့်အတူ ဆုချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ကို ရရှိခဲ့သည်။

အဆိုပါဆုကို ညွှန်ကြားရေးမှူး ဒေါက်တာသံလွင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနန်းနိုင်နိုင်ရှိန်နှင့် ဒေါက်တာငြိမ်းအေးထွန်းတို့က လက်ခံရယူခဲ့သည်။ ဆုပေးပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ချီးမြှင့်အားပေးခဲ့သည်။ **သတင်းစဉ်**

## အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်ပွဲကျင်းပ

**ကျိုင်းတုံ မေ ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၈၀) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုသင်တန်းသို့တက်ရောက်ကြမည့် သင်တန်းသူများသည် အိမ်တွင်းမှုပညာရပ်များ၊ စက်ချုပ်ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြပြီး မိသားစုများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်လှိုင်နှင့် ဇနီးတို့က သင်တန်းသူများအား ဆီနှင့် ကြက်ဥတို့ ထောက်ပံ့ပေးအပ်ရာ သင်တန်းကျောင်းအုပ်ဆရာမက လက်ခံရယူသည်။

အဆိုပါ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၂)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈၀)တို့ကို သင်တန်းနည်းပြဆရာမ သုံးဦးဖြင့် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၇၆ ဦး၊ အဆင့်မြင့်စက်ချုပ် သင်တန်း သူ ၂၄ ဦး စုစုပေါင်း သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## မကွေးမြို့၌ ဂျပန်စကားပြောသင်တန်းဆင်း

**မကွေး မေ ၂၇**
မကွေးမြို့ ထနောင်းရင်ခွင်စာပေဝိုင်းက စီစဉ်ပြုလုပ်သည့် ဂျပန်စကားပြောသင်တန်းဆင်းပွဲကို မေ ၂၆ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပရာ သင်တန်းတွင် ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဋ္ဌေးက သင်တန်းတက်ရောက်သူများအား ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး သင်တန်းနည်းပြ ရွှေပန်းမြိုင်ဆရာတော် ဘဒ္ဒန္တဝါယမ၊ ထနောင်းရင်ခွင်စာပေဝိုင်းမှ ဆရာဇော်(ဆေးတက္ကသိုလ်)၊ ဆရာ ဦးရဲတင့်တို့က ဂျပန်စကားပြောနည်းများ ဆက်လက်လေ့ကျင့်အသုံးချပြီး ဘဝအောင်မြင်တိုးတက်ရေးဆိုင်ရာများကို အသီးသီးပြောကြားကာ ဦးနိုင်ယုဝေက သင်တန်းဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းတွင် ထူးချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဂျပန်စကားပြောသင်တန်းကို ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသား သင်တန်းသူ ၆၉ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**



## မြဝတီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ


**မြဝတီ မေ ၂၇**
ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ်မြိုင်ကျေးရွာ အထကကျောင်း ခန်းမဆောင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၂၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။


အဆိုပါစကားဝိုင်း၌ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအိုက်ကျန်ခမ်း၊ ဦးသန့်ဇင်အောင်၊ မြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဦးရှိန်းဇော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီမြို့နယ်ရုံးမှ ဦးကျော်ကျော်နှင့် မြဝတီခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစောဝင်းချစ်စံတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။




ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့်ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**






4 တန်းမှ 10 တန်းအထိ
- Teaching+Guide
- အမှတ်ပေးစည်းမျဉ်းနှင့်အညီ
- အိမ်အရောက် အတတ်သင်မည်။
Ph:09-798420415

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက(မြို့မ)၊ အဋ္ဌမတန်းမှ မချိုးဝတ်ရည်ထက်၏ ဖခင်အမည်မှန်မှာ ဦးရန်လင်း[၁၀/ခဆန(နိုင်)၁၀၀၉၇၅]ဖြစ်ပါသည်။

**ဦးရန်လင်း**
**[၁၀/ခဆန(နိုင်) ၁၀၀၉၇၅]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥလမ်းမကြီး၊ မြေကွက်အမှတ်(၈၅၀)၊ အိမ်အမှတ်-၃၅ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ခေါင်းရင်းခြမ်း(၄)လွှာ၊ အကျယ်အဝန်း(အလျား၁၉ပေ×အနံ၄၅ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်း[၁၂/သကတ(နိုင်)၁၀၅၆၉၈]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် အရောင်းတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ အပြည့်အစုံဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းမေကြည်အေးမောင်(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၈၈)**
**အမှတ်(၅၆၁)၊ အခန်း-၃၀၂(၃လွှာ)၊ M.A.C(Tower)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၆၂၄၃၀၂၅**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

လှိုင်လင်မြို့ ရပ်ကွက်(၄)နေ ဦးထွန်းကြည်-ဒေါ်သန္တာနိုင်တို့၏သား မောင်ကျော်မင်းမင်းထွန်း[၁၃/လလန(နိုင်)၀၇၃၅၆၇] သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါ။ (မေးမြန်းခြင်းသည်းခံပါ)

**ဦးထွန်းကြည်[၁၃/လလန(နိုင်)၀၀၅၇၇၄]**
**ဒေါ်သန္တာနိုင်[၁၃/လလန(နိုင်)၀၀၇၁၅၉]**

## ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့ အမှတ်-၁၂၊ တောင်ပြုံးကြီးကျေးရွာ၊ နန်းကြီးရပ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးထူးအောင်ညွှန့်[၁၂/ဒဂန(နိုင်)၀၀၁၀၅၇]မှ မိမိကိုယ်တိုင်တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချမ်းမြေ့ဆွေ[၇/တငန(နိုင်) ၁၆၂၆၈၄]မှ ရောင်းဖိုးငွေ အပြေအကျေပေးချေဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၊ နေအိမ်အဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်၊ နေအိမ်အဆောက်အဦနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း မှတ်ယူပြီး မြေခိုင်မာမှုရှိစေရန် ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မေစီ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၂၇)**
**ရုံး/အိမ်- အမှတ် (၁၂၆)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၃၀၃၇၁**

## အမည်ပြောင်း

ရွှေပြည်သာမြို့နယ်၊ ၉/၃/၅၄၃-က နေထိုင်သော မောင်မြတ်နိုးအား မောင်မြတ်အုပ်စိုးဟု အမည်ပြောင်းခေါ်ပါရန်။

**မောင်မြတ်အုပ်စိုး**

## အမည်ပြောင်း

ဆိပ်ကြီးခနောင်တိုမြို့နယ်-အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၂)၊ ဒသမတန်းမှ အဖ-ဦးကျော်မြအောင်၏ သမီး မချိုနှင်းစံအား မခင်သက်နွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဝင်းနောင်[၅/ဘတလ(နိုင်) ၁၁၇၂၆၀]၏ တတိယတန်း ရေယာဉ်အုပ်လက်မှတ်အမှတ် ဆတ-၉၅၁/၁၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၅၄၇၂၇**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်မြင့် [၉/မနတ(နိုင်) ၀၂၉၁၃၈]၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် မန်း(၉၃/၅၆) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၁၀၀၀၅၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃အမ်၊ မြေကွက်အမှတ် III Class ၁၂၉၊ မြေကွက်တည်နေရာအမှတ်(၁၅/၁၇)၊ စံပယ်လမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ် ကိုဘိုးဆင် အမည်ပေါက် နှစ်(၉၀)ဂရန်မြေ(သက်ကုန်)မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၈၁၂/၁၄-၉-၂၀၁၈ဖြင့် ပိုင်ဆိုင်သူ ဒေါ်မြတ်မြတ်သင်း[၁၂/အလန(နိုင်)၀၁၂၆၉၆]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ မြေငှားစာချုပ် ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်တောင်းပန်ချက်

ကျွန်မ သဥ္ဇာအောင်(Hmone Nanthar Aung)သည် online တွင် Giordano အမှတ်တံဆိပ်အထည်ကို ရောင်းချခဲ့မိပါသည်။ Giordano ကုန်အမှတ်တံဆိပ်ပစ္စည်းများကို Creation (Myanmar)Co.,Ltdက မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသည်ကိုမသိရှိဘဲ ထိုသို့ရောင်းချမိသည့်အတွက် Creation (Myanmar)Co.,Ltd ၏အကျိုးစီးပွားကို များစွာထိခိုက်စေခဲ့ကြောင်း သိရှိရပါသဖြင့် နောက်ဆုံးအနေဖြင့် ခွင့်လွှတ်ပေးပါရန်အတွက် အများသိစေရန် ကြော်ငြာတောင်းပန်အပ်ပါသည်။ နောက်နောင် Giordano အမှတ်တံဆိပ်ပါ ပစ္စည်းများကို Online တွင် ရောင်းချခြင်း မပြုလုပ်တော့ပါဟု ဝန်ခံကတိပြုအပ်ပါသည်။ **သဥ္ဇာအောင်(mdy)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၀၁၁)၊ ဦးဇေဝင်း(ခ) ဟုန်ဇေဝင်း(ဘ)ဦးရှန်မုန်း [၉/မနမ(နိုင်) ၀၈၂၄၄၁] အမည်ပေါက် ပါမစ်မြေ၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်ပျောက်ဆုံးသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၈၁၁/၂၀၁၉) ရရှိထားသူ ဒေါ်စမ်းသီတာ(ဘ) ဦးသန်းညွှန့်[၁၂/ဥကတ(နိုင်)၁၃၃၉၆၃]မှ မိတ္တူမှန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပယ်ဖျက်ပြီး မိတ္တူမှန်ကို ဒေါ်စမ်းသီတာအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ RC(၈) ထပ်တိုက်၊ ၄-လွှာ၊ အခန်းအမှတ် (A-431)၊ ဧရိယာ (၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမင်းသန်း [၉/နထက(နိုင်)၀၉၆၃၇၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးဝင်းအောင်[၁၄/လမန(နိုင်)၀၆၃၃၅၉]၊ ဒေါ်အေးအေးတိုး [၁၄/ဟသတ(နိုင်)၀၀၆၂၄၂]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးဝင်းအောင်နှင့် ဒေါ်အေးအေးတိုးတို့၏လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဝင်းမင်းစိုး | ဒေါ်သုဇာကျော် | ဒေါ်ဝေဖြိုးအောင် |
|---|---|---|
| LL.B,WIPO (Switzerland) | LL.B, D.B.L,DIL , WIPO (Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁) | အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃) |
| Ph:09-450023651 | Ph-09-254508917 | Ph-09-421157856 |

**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## မလှလှမြင့်(ခ)မလီခ [၁၂/ဒပန(ပြု)၀၀၀၀၇၈] နှင့် အများသိစေရန်

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ သင်္ဘောကျင်းရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၆၁)နေ မောင်ထွန်းထွန်းအောင်(ခ)မရမ်းသီး(DBN-၀၁၅၃၇၈) (ဘ)ဦးတင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

မလှလှမြင့်(ခ)မလီခ [၁၂/ဒပန(ပြု)၀၀၀၀၇၈] (ဘ)ဦးဝင်းရွှေနှင့် မောင်ထွန်းထွန်းအောင်(ခ)မရမ်းသီးတို့သည် ၂၃-၅-၂၀၁၉ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲစာချုပ်တွင် လက်မှတ်ရေးထိုးကွာရှင်းခဲ့ကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး ပတ်သက်စပ်ဆိုင်ခြင်းအလျဉ်းမရှိတော့ဘဲ နောက်နောင် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ရန်နှင့် မလှလှမြင့်(ခ)မလီခနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဦး LL.B,D.B.L,D.M.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၃/၂၀၁၂)**
**အမှတ်-၁၂၅၊ (၆)လမ်း၊ ဖေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း-၀၉-၇၉၉၆၀၄၉၆၇၊ ၀၉-၇၇၂၇၆၅၀၄၊ ၀၉-၂၆၂၈၇၀၆၆၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## မြို့တော်ဝန်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဒု-တိရစ္ဆာန်ဆေးကုမှူး ရာထူး(၁)နေရာ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါသတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀-၆-၂၀၁၉ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ (B.V.Sc)ရရှိပြီးသူဖြစ်ရမည်။
(စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူ ကိုယ်တိုင်လက်မှတ်ရေးထိုးပေးပို့ရမည်။

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်
(ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်
(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပေးပို့ရမည်။

(က) တစ်လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ (၁လက်မ×၁.၅လက်မ) (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
(ဂ) ဘွဲ့လက်မှတ် (မိတ္တူ)
(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)
(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းထောက်ခံချက်(မူရင်း)
(စ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်
(ဆ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)

၄။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံရေးရာဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း (၂၈-၆-၂၀၁၉)ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ (၂၈-၆-၂၀၁၉)ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲအား (၁၈-၇-၂၀၁၉)ရက်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ သင်တန်းခန်းမ၌ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် သက်ဆိုင်ရာ ဘာသာရပ်တို့ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၂၃၄၀၊ ၀၆၇-၄၁၄၂၈၉ သို့ဖြစ်စေဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ စွယ်တော် City အိမ်ရာ၊ Type(A)(၃လွှာ)အခန်း၊ အခန်းအမှတ်(၃၀၆)၊ ဧရိယာ(၁၂၆၀)စတုရန်းပေ (ကုမ္ပဏီစာချုပ်အရ) နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော GRAND STYLE CO.,LTD ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးမျိုးမင်းသိန်း [၁၂/မဂဒ(နိုင်)၁၁၆၄၈၉]၊ ဒေါ်ချောစုဝင်း[၁၂/ရပသ(နိုင်)၀၃၆၆၇၁]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းသိန်း၊ ဒေါ်ချောစုဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်များအရ**

| ဦးဝင်းမင်းစိုး | ဒေါ်သုဇာကျော် | ဒေါ်ဝေဖြိုးအောင် |
|---|---|---|
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L, WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁) | အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃) |
| Ph:01-246869,09-450023651 | Ph:09-254508917 | Ph:09-421157856 |

**Level(5, 6, 7, 8)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့.**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ကြော်ငြာ

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

**မျိုး**
01 8380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

**အောင်ဝင်း**
မှ ကားများ နှစ်ချီငှားရမ်းလို ဆန္ဒရှိတဲ့ လူကြီးမင်းများ ယုံကြည်စိတ်ချစွာ အပ်နှံနိုင်ပါသည်။ Proboxနှင့် Hondafit ကို ဦးစားပေး ဆောင်ရွက်သည်။ **ဖုန်း-၀၉-၉၆၃၈၆၉၆၅၆၊ ၀၉-၉၆၀၉၀၇၇၇၇**

**HOME TUITION**
IELTS;TOEFL;
(4)skills
Dr.Than Soe Lu
**Ph:09-785128530**



မိတ်ကောင်းဖော်မွန်

ဒေါက်တာဇော်ဝင်း (သင်္ချာပါမောက္ခ-ငြိမ်း)
ရေးသားပြုစုသည့်

**MATHEMATICS COMPANION SERIES**
**မိတ်ကောင်းဖော်မွန် သင်္ချာလမ်းညွှန်စာစဉ်**

**တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာမေးခွန်းများနှင့် အဖြေများ**
**(၂၀၀၂ မှ ၂၀၁၉ ထိ) "ကျစ်လျစ်သွပ်ခြုံ မြင်ကွင်းစုံ"**

၂၀၀၂ မှ ၂၀၁၉ ခုနှစ်ထိ တက္ကသိုလ်ဝင်စာမေးပွဲများတွင် စစ်မေးခဲ့သော သင်္ချာမေးခွန်းများကို ကျစ်လျစ်သိပ်သည်းစွာဖြင့် ပုံစံစုံလွှမ်းခြုံမိအောင် အသေးစိတ် ရှင်းလင်းဆွေးနွေး တွက်ထုတ်ပြထားသော စာအုပ်ဖြစ်သည်။ တိကျရှင်းလင်းလွယ်ကူသော တွက်နည်းများနှင့် လေ့ကျင့်ရန် ဥာဏ်စမ်းပုစ္ဆာသစ်များစွာ ပါဝင်သည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာမေးခွန်းလွှာနှစ်စုံ (ပြည်တွင်း၊ နိုင်ငံခြား)နှင့် အဖြေအပြည့်အစုံလည်း ပါဝင်သည်။

ဖြန့်ချိရေး- မိတ်ကောင်းဖော်မွန်စာပေ။ အမှတ် (၄၉)၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၉၁၆၂၁၆၈၁၊ ၀၉-၇၃၀၅၂၄၉၀၊ ၀၉၄၀၀၇၄၅၅၅၇၊ ၀၉၄၀၀၇၄၁၀၅၅

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### နိုင်ငံတော်၏ဘဏ္ဍာရေးနှစ်နှင့်အညီ သမဝါယမနှင့်ပုဂ္ဂလိကကဏ္ဍမှ အခွန်ထမ်းများ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်ချက်

၁။ နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်ထိ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း အခွန်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုသာ နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်နှင့်အညီ ပြောင်းလဲဆောင်ရွက်ခဲ့ပြီး သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများကိုမူ ယခင်ဘဏ္ဍာရေးနှစ်အတိုင်းသာ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၂။ သို့ရာတွင် ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၄၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအပါအဝင် အခွန်ထမ်းအားလုံး နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်နှင့်အညီ အခွန်စီမံခန့်ခွဲမှုလုပ်ငန်းများလိုက်ပါ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍမှ အခွန်ထမ်းများအနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) ၁ - ၄ - ၂၀၁၈ရက်မှ ၃၀ - ၃ - ၂၀၁၉ရက်အထိ ၁၂ လတာဝင်ငွေရရှိသည့် ကာလသည် ၂၀၁၈ - ၂၀၁၉ ဝင်ငွေနှစ် (သို့မဟုတ်) ရောင်းရငွေ (သို့မဟုတ်) ဝန်ဆောင်မှုရငွေ ရရှိသောနှစ်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါကာလအတွက် ဝင်ငွေကြေညာလွှာကို ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁ ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

(ခ) ၁ - ၄ - ၂၀၁၉ ရက် မှ ၃၀ - ၉ - ၂၀၁၉ ရက်အထိ ၆ လတာဝင်ငွေရရှိသည့် ကာလသည် ၂၀၁၉ ဝင်ငွေနှစ် (သို့မဟုတ်) ရောင်းရငွေ (သို့မဟုတ်) ဝန်ဆောင်မှုရငွေရရှိသောနှစ်ဖြစ်ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါကာလအတွက် ဝင်ငွေကြေညာလွှာကို ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂ရက်နေ့ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**"ရွှေစည်"**
အိမ်ပြောင်း။ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

**ဖခင်အမည်မှန်**
အလက(၁)၊ ပုဇွန်တောင်၊ အဌမတန်းမှ မဇင်မီမီကို၏ ဖခင်အမည်မှန်မှာ ဦးမာမက်အာလင်ဖြစ်ပါသည်။
**မာမက်အာလင်**

**ဖခင်အမည်မှန်**
အထက(၂)၊ ပုဇွန်တောင်၊ ဒသမတန်း(B)မှ မောင်ဝင်းနိုင်၏ ဖခင်အမည်မှန်မှာ မာမက်အာလာဒင်[၁၀/ကမရ(နိုင်) ၀၆၁၈၁၃]ဖြစ်ပါသည်။
**မာမက်အာလာဒင်**

**YAZAKI**
Japan Cables & Wires
ဂျပန်ကေဘယ်လ် ဝါယာအမျိုးမျိုး

Available Items
- Building Wires
- Fire Resistant Cables
- Control Cables
- Underground Distribution Cables
- Overhead Cables
- Bare Conductors

PEACE MYANMAR ELECTRIC HOLDING CO.,LTD. 25 Anniversary

We can support LV, MV, HV Copper Conductor & Aluminium conductor with high quality & resonable price for customers.




PME Holding Co., Ltd.
ISO 9001 : 2015

YANGON HEAD OFFICE & SHOWROOM
No.137/139, Botahtaung Pagoda Rd.
Botahtaung T/S, Yangon. Tel : 01-202117
Fax: 01-296668 http://www.pmeholding.com

MANDALAY SHOWROOM
Block(900), 78th St (Between 42nd & Theik Pan Street), Mahar Aung Myay T/S, Mandalay. Tel / Fax : 02-40 33506, 40 24288

NAYPYITAW SHOWROOM
No.160, Thiri Yadanar Shopping Complex, Zabu Thiri T/S, Naypyitaw.
Tel : 067-420794, 421306 Fax : 067-421307

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

CROWN EDUCATION
SIM GLOBAL EDUCATION
www.simge.edu.sg



စင်ကာပူနိုင်ငံမှ အကောင်းဆုံးပညာရေးကျောင်း SIM တွင် တက်ရောက်ရယူနိုင်သည့်
ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန် ဘွဲ့များအကြောင်း ဆွေးနွေးပွဲ

Date : 2nd Jun (Sun) 2019 | Time : 2:00 PM - 4:00 PM | NOVOTEL HOTEL (Eureka Room)

- မြန်မာပြည်အထက်တန်း နှင့် GCE 'O' Level အောင်မြင်ထားသူများ HND လက်မှတ်ကိုင်ဆောင်ထားသူများအတွက် အမေရိကန် ယူကေနှင့် ဩစတြေးလျ ဘွဲ့ဝင်ခွင့်များ
- အကောင်းဆုံးပုဂ္ဂလိကပညာရေးသင်ကျောင်းဖြစ်သည့် SIM တွင် သင်ကြားနိုင်သည့် Accounting & Finance, Business Management, Economics အစရှိသည့် ဘာသာရပ်များကို (၁၀၀)% ပညာသင်ဆုဖြင့် လျှောက်ထားနိုင်သည့် အခွင့်အရေးများအကြောင်း
- ဖိုင်တီဘာသာရပ်ဆိုင်ရာ ပညာရေးဘာသာရပ်ကိုလည်း တွဲဖက်လေ့လာလိုသူများအတွက် ဩစတြေးလျတိုင်းတန်းဆာတ္တသိုလ် University of Wollongong မှ ပေးအပ်သည့် Bachelor of Business Information Systems ဘွဲ့များအကြောင်း
- 'A' Level ပြီးထားသူများ တိုက်ရိုက်တက်ရောက်နိုင်သည့် University at Buffalo, The State University of New York ၏ ပညာရေးဘွဲ့များအကြောင်းကို Singapore Institute of Management မှ တာဝန်ရှိသူ ကိုယ်တိုင် လာရောက် ဆွေးနွေးပေးသွားမည် ဖြစ်ပါသည်။

Tel : 01 527 838, 09 44 55 66 701

ဟိန်း 01.2330054 095160048 09-782470755
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်းများကို 15', 16' Box ကားနှင့် လုပ်သားများအပါ။
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
09 5024774
09 73179228
09 49155515

ရွှေမဟာ
ဒုံပြီးသစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမြို့မြေကွက်များ ဝယ်လိုသည်။
09 -5106146
09 -775106146

လိုချင်သူကို ပေးမကျွေ့ဖို့ မြစ်ဆင်းစေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me B.Sc.(Hons).,M.Sc.,Ph.D.
IELTS တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊ လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ရက်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ June 1 စမည်။
4 SKILLS Level(1,2,3) အောင်မြင်ပြီးသူတိုင်း Dip in ESL ရရှိမည်။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အညီ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊ လ အတတ် လက်ခံပြီ။
အဆင့်မြင့် နိုင်ငံတကာ University များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့
ပြည့်စုံ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊ လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ အမှတ် ၁၈၊ ၅-လွှာ၊ 0943125393
ဗိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798

IGCSE MATHS
(May/June 2020 Exam ဖြေမည့်သူများအတွက်)
09-5097680


မေတ္တာမွန် အစုအဖွဲ့
ဝ် စားဖူးပါက နှစ်သက်ရမည့်
မျက်ကြည်လူ၀
ဓာတ္တုဗုဒ္ဓ အကြောဖြေဆေး



FMR 010077 (1118)
ရန်ကုန်
- ကိုဝင်းမြင့်+မဘောဘီ ဆေးဆိုင်
- K လုလုမေတ္တာ - သိမ်ကြီးဈေး
စားသုံးနိုင်သူများ
➤ ခြေဆီမထွက်၊ ဇက်ကြောတက်၊ မျက်စိမှုန်ဝါးသူ။
➤ ဝမ်းချုပ် ဆီးပူ၊ ရိုးရှူလိပ်ထွက်၊ လဆက်ရာသီမှန်လိုသူ။
➤ ဆံပင်ဖြူ/ ပါး၊ အဆိုင်များ၊ ညောင်းအားပိုတတ်သူ။
(အထိုင်များသော ရုံးဝန်ထမ်းများ၊ စျေးသည်များ၊ ကားမောင်းသူများ)
မျက်ကြည်လူ၀ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ရေကြည်မြို့။ Tel: 09 89680 5353, 09 203 1080.




GS4




LS AUTOMOTIVE GROUP MYANMAR ( A member of LS Strategic Holding Limited )
351 Pyay Road, Sanchaung Township, Yangon, Myanmar.
Hotline: 0996GACSALE (0996 4227253) Facebook: www.facebook.com/gacmotormyanmar

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန်ဒါယကာကြီး
စာရေးဆရာ၊ တေးရေးဆရာ နန်းတော်ရှေ့(ဝင်းသူ)

## ဒေါက်တာဝင်းသူ

### အသက် (၈၇) နှစ်

ဗန်းမော်မြို့နေ ဦးကိုလေး-ဒေါ်ကြွေတို့၏သား၊ ဦးဆောင်-ဒေါ်သီလှတို့၏သားသမက်၊ မသဥ္ဇာဝင်းသူ၊ မောင်ဟန်နီဝင်းသူ၊ မောင်ထက်ဝေယံဝင်းသူတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဒေါ်နီနီ (နီနီလှရိပ်မြုံ)၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ (၈၇)လမ်း၊ ၂၃×၂၄ကြား၊ စိန်မိုက်ကယ်ဘုရားကျောင်းမျက်နှာချင်းဆိုင် လမ်းကြား၊ နီနီ လှရိပ်မြုံနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အမှုဆောင် ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း) အသက် (၇၇) နှစ်သည် ၂၄-၅-၂၀၁၉ (သောကြာနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**ဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လှိုင်ကော်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီ**
**ပထမပုဂ္ဂလိကဘဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အောင်ပန်းဘဏ်ခွဲကြီးကြပ်ရေးကော်မတီ**
**ပထမပုဂ္ဂလိကဘဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီနှင့် ဝန်ထမ်းများ**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ပန်းတောင်းဘဏ်ခွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့်**
**အဖွဲ့ဝင်များ**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ ဘဏ်ခွဲ(၇)**

## အနိစ္စ

### ဒေါ်ခင်ခင် (မအူပင်)

### အသက် (၈၂) နှစ်

မအူပင်မြို့ အမှတ်(၅၁)၊ တေဇလမ်းနှင့် လေးလမ်းထောင့်နေ (ဦးခင်မောင်-ဒေါ်သိန်းကြင်)တို့၏ သမီးကြီး၊ ပြည်မြို့ အမှတ်(၂၄)၊တပ်လမ်းနေ သမားတော်ကြီး (ဦးရှိန်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးလှမြင့်(ငြိမ်း၊ စိုက်/မွေး-တပ်)]၏ ချစ်လှစွာသောဇနီး၊ (ဦးသက်ဇော်)-ဒေါ်မိုးလှိုင်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ ဦးခင်နေဝင်း(မန်နေဂျာ-ငြိမ်း၊စား/ဖျော်)-ဒေါ်ခင်အေးသိန်း (မအူပင်အသင်းဝင်)၊ ဦးတိုးမောင် (ညွှန်မှူး-ငြိမ်း၊ စီမံကိန်း)-ဒေါ်တင်တင်ကြည်(မအူပင်အသင်းဝင်)၊ ဒေါ်အိခိုင်ဝင်း(ကထိက-စီးပွား)၊ ဒေါ်ခိုင်လဲ့ဝင်း(ခေတ္တ-စင်ကာပူ)၊ ဦးသောင်းထက်ကျော် (Sun-Pharmancy)-ဒေါ်ဇာခြည်အောင်တို့၏ကြီးကြီး ဒေါ်ခင်ခင်သည် ၂၃-၅-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ရွှေပေါက်ကံမြို့သစ်၊ စံပယ်လမ်း၊ (၁၇) ရပ်ကွက်၊ အမှတ် (၃၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)

### ဒေါ်တင်တင်ဝင်း

### အသက် (၇၅) နှစ်

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၄၁) ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ်(၄၁၄)နေ ဦးခင်သန်း(ရာ/၂၂၀၁) (ညောင်တုန်းမြို့နယ်တရားသူကြီး-ငြိမ်း)၏ ဇနီး၊ သားသမီးခုနစ်ယောက်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၅-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း၊ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ခရစ်တော်၌ အိပ်ပျော်ခြင်း

### ဦးသန်းတင်
### (Peter Minus)

### အသက်(၆၄)နှစ်

(Thomas Minus ဦးတင်လေး-Maria ဒေါ်ခင်စု)တို့၏သားကြီး၊ (ဦးတင်မောင်)-ဒေါ်သောင်းရှင်တို့၏ သားသမက်၊ တိုက်အမှတ်(၁၀၂)၊ အခန်း(၇)၊ ကလေးမြို့နေ ဒေါ်တင်တင်အေး (အထက-၇၊ ကလေးမြို့)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဌေး-ဒေါ်သိမ့်သိမ့်သူ၊ ဦးထွန်းထွန်းဦး-ဒေါ်သဲစုဝေး၊ ဒေါ်သဲနွေးနွေးလှိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်တင်မာဦး၏ မောင်၊ (ဦးယဉ်ထွေး)၊ ဦးအယ်ဒီ၊ ဦးညီညီတင်၊ ဦးတင်ကိုကို၊ ဒေါ်ချိုချိုတင်၊ ဦးနေထွန်းအောင်တို့၏ အစ်ကိုကြီး၊ မြတ်ဝတ်ရည်ခင်၊ ဆုယွန်းရတီထွန်းတို့၏ အဘိုးသည် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကလေးမြို့ ဒိုးဝိုင်းချောင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြရင်

### အသက် (၈၉)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ (၁၄၄)လမ်း၊ အမှတ်(၂၄)နေ ဦးကျော်သိန်း၏ ဇနီး၊ (ဦးမူ-ဒေါ်ငွေရှင်)တို့၏သမီး၊ ဦးမြင့်ဦး-ဒေါ်စန်းစန်းမြ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ (ဦးမြင့်ဦးမောင်)-ဒေါ်စန်းစန်းလှ၊ ဒေါ်စန်းစန်းအေး၊ ဦးကျော်ကျော်၊ ဒေါ်နုနုရင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၇-၅-၂၀၁၉ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်စန်းရီ (၈၈)နှစ်

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၃၁/၁၀)နေ ဦးအောင်ကြီး-ဒေါ်ခင်ကြည်တို့၏ သမီးကြီး၊ ဦးပု-ဒေါ်သိန်းတို့၏ သမီးချွေးမ၊ ဦးဘသွင် (သစ်တောညွှန်ချုပ်-ငြိမ်း)၏ ဇနီး၊ ဦးခင်မောင်ကို-ဒေါ်လှမြတ်လေး၊ (ဦးမြသွင်)-ဒေါ်စိုးစိုးအောင်၊ ဦးစိန်လှိုင်-ဒေါ်လှလှ၊ ဦးအေးထွန်း-ဒေါ်တိုးတိုးအောင်၊ ဦးကိုကြီး-(ဒေါ်မီမီအောင်)၊ ဦးခင်မောင်ချို-ဒေါ်ဆွေဆွေမြင့်၊ ဦးခင်မောင်ဖိုလ်-ဒေါ်သက်သက်တို့၏ အစ်မကြီး၊ ဒေါ်ဝတီသွင်၊ ဦးသိန်းဌေး၊ ဦးမောင်မောင်သွင်၊ (ဦးသန့်ဇင်ဦး)-ဒေါ်သွင်ခိုင်ဇာမွန်တို့၏မိခင်၊ မောင်ဘဏ်ဖြိုးဟိန်းသွင်၏ ဘွားဘွားကြီးသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးသိန်းလွင် (၇၆)နှစ်

(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ သတ္တုတွင်းဦးစီးဌာန)

ဝါးခယ်မမြို့နေ (ဦးငွေလွင်-ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးခင်ဆွေ-ဒေါ်လှလှ)တို့၏ သားသမက်၊ တိုက်(၂၂၁)၊ အခန်း(၇)၊ (၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်မေသန်း (အမက တ/ဥက္ကလာပ-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်လှလေးလွင်၊ ဒေါ်စန္ဒာလွင် (ခေတ္တ-USA)၊ (ဦးသော်တာလွင်)၊ ဦးသိန်းထိုက်(မြန်မာ့စာတိုက်လုပ်ငန်း)-ဒေါ်သန်းသန်းလွင်(CHIDB Bank)၊ ဒေါ်အေးမြင့်လွင်၊ ဒေါ်ခင်သန်းဝင်း၊ ဦးနိုင်ဝင်း[အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရန်ကင်း]-ဒေါ်ဆွေဆွေဝင်း(SSC Women's Centre-OT)၊ ဦးသန်းဝင်းအောင်-ဒေါ်မြကေခိုင်ဝင်း၊ ဦးမြင့်သန်းဦး (မြန်မာ့စာတိုက်လုပ်ငန်း)၊ မောင်နေလင်းတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၆-၅-၂၀၁၉ ရက် ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

### ဒေါ်အုန်းကြည် အသက်(၉၀)

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မြကန်သာဥယျာဉ်အိမ်ရာနေ ဗိုလ်မှူးကျော်ကျော် (ငြိမ်း)-ဒေါ်ကြည်ကြည်အောင် တို့၏ မိခင် ဒေါ်အုန်းကြည်သည် ၂၄-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**ပထမပုဂ္ဂလိကဘဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တောင်ကြီးဘဏ်ခွဲကြီးကြပ်ရေးကော်မတီ**
**ပထမပုဂ္ဂလိကဘဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ

ကလေးအထူးကုဆရာဝန်ကြီး

### အသက် (၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်၏ဇနီး၊ ဒေါက်တာအောင်မင်း(ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ပန်းတောင်းဘဏ်ခွဲတာဝန်ခံနှင့် ဝန်ထမ်းများ**
**ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ ဘဏ်ခွဲ(၇)**

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### ဟာဂျီမဒေါ်အေးမြင့်(ခ)ဒေါ်အာမေနာဟ်

### အသက်(၁၀၀)

(မြောင်းမြ)

ရန်ကုန်မြို့နေ (ဦးသန်းအောင်-ဒေါ်လှရီ)တို့၏ သမီး၊ (ဟာဂျီဦးမောင်ကို)မြောင်းမြမြို့၏ ဇနီး၊ ဟာဂျီဦးခင်မောင် (KM သံဆိုင်)၊ ဟာဂျီဦးတင်မောင်(ဇလပ်နီစာရေးကိရိယာ)၊ ဟာဂျီဦးခင်မောင်သန်း(လစန္ဒာစက္ကူဆိုင်)၊ ဟာဂျီမဒေါ်ခင်နွဲ့(ရွှေတြိဂံစာရေးကိရိယာ)၊ ဟာဂျီဦးသန်းမောင် (စန်းသော်တာစာရေးကိရိယာ)၊ ဟာဂျီမဒေါ်ခင်မြင့်၊ ဟာဂျီမဒေါ်ခင်အေး (ကျောက်မဲသံဆိုင်-မန္တလေး)၊ ဟာဂျီဦးမောင်မောင်ရွှေ (ရွှေလဝန်းစက္ကူဆိုင်) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၃၀ ယောက်၊ မြစ် ၃၇ ယောက်၊ တီနှစ်ယောက်တို့၏အဘွား ဟာဂျီမဒေါ်အေးမြင့်(ခ)ဒေါ်အာမေနာဟ်သည် ၂၂-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် ရွှေဘုံသာလမ်းရှိ စူရ်တီဗလီကြီး၌ နမာဇ်ဝတ်ပြုပြီး ရေဝေးစွန္နီမွတ်ဆလင် ကဗရ်စတန်ဥယျာဉ်၌ ဒါဖနာမြှုပ်နှံပြီးစီးပါကြောင်းနှင့် နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော အစ္စလာမ်ဘာသာရေး ၅ ဖွဲ့မှ လူကြီးများ၊ မေမန်ဂျမယ်လူမှုရေးအဖွဲ့အစည်းမှ လူကြီးများ၊ တခြမ်းပဲ့ ဗလီဂေါပကအဖွဲ့လူကြီးများ၊ မြန်မာအစ္စလာမ်လူငယ်ဖောင်ဒေးရှင်းအဖွဲ့မှ လူကြီးများ၊ မိတ်ဆွေသင်္ဂဟဆွေမျိုးများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

### တပ်ကြပ်ကြီး ဂျီဝါး (ငြိမ်း)

### အသက်(၈၇)နှစ်

အမှတ်(၅၆၅) တပ်မတော် တပ်ထိန်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/B)ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ အမှတ်(၅၆၀) နေ (ဦးရမ်ဂါးဆွာမိပီလေး-ဒေါ်ပရေးမား)တို့၏ သား၊ (ဒေါ်မြင့်ကြည်)၏ ခင်ပွန်း၊ ဒေါ်ခင်ဝင်းမော်-ဦးမောင်မောင်ခ၊ ဒေါ်ခင်ခင်မော်၊ ဦးခင်မောင်ဦး-ဒေါ်မာလာဇင်၊ ဒေါ်ခင်မြင့်မော်-ဦးမြင့်အောင်၊ (တပ်ကြပ်ခင်မောင်ထွေး)တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီးသည် ၂၇-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၁၅ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဟိန္ဒူရိုးရာထုံးတမ်းစဉ်လာနှင့်အညီ ရေဝေးဟိန္ဒူသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ချောင်းဆုံမြို့နယ်အသင်း

### ဒေါ်တင်ကြည် (ခ) ဒေါ်မေမေသီ

### အသက် (၈၅) နှစ်

မွန်ပြည်နယ်၊ ဘီလူးကျွန်းချောင်းဆုံမြို့နယ်၊ ကွမ်သဲရွာနေ (ကျောင်းအုပ်ဆရာကြီးဦးထွန်းသင်-ဒေါ်သန်းကြွယ်-ဒေါ်ခင်မြင့်မြင့်)တို့၏ သမီး၊ (ဦးဖေညွှန့်-ဒေါ်မေခင်ချော)တို့၏ ညီမ၊ ဦးအောင်သွင်-(ဒေါ်မေကြည်)၊ မော်လမြိုင်မြို့နေ ဒေါ်ဥမ္မာထွန်း၊ ဒေါ်ကေသီထွန်း၊ ဦးမင်းလွင်ထွန်း-ဒေါ်မြင့်ကေသီ၊ ဦးတင်ဝင်းဦး-ဒေါ်သီတာထွန်း၊ ဒေါ်သဇင်ထွန်း၊ ဒေါ်မဥ္ဇူထွန်းတို့၏ မမကြီးသည် ၂၄-၅-၂၀၁၉ ရက် ည ၁၀း၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်း-၁၂၁/အခန်း-၇နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ လမ်း၊ ရဟန်းဒါယိကာမကြီး

### ဒေါ်ခင်မြင့် (၈၃)နှစ်

ကျောင်းကုန်းမြို့(ဗလီကွင်း)

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၅၅)နေ ဦးထွန်းကြည်(ရုံးအုပ်ကြီး-ECC၊ ၈၈ ငြိမ်း)၏ ဇနီး၊ ဦးစိုးမြင့်ထွန်း(သစ်တော-ငြိမ်း)၊ ဒေါက်တာအောင်မြင့်ထွန်း(PhD in Systems and Entrepreneurial Engineering)-မစ္စယန်ယန်ထွန်း(USA)၊ (ဦးအောင်မြတ်ကျော်)တို့၏ မိခင်၊ ဒေါ်အေးအေးကြူ(MEB-တိုင်းရုံး၊ ရန်ကုန်)၊ ဒေါ်နွေဦးလတ်၊ ဦးဆန်းဝင်း-ဒေါ်သီတာအောင်တို့၏ ကြီးတော်၊ ကိုဘဏ်လင်းထွန်း(CHID-ဘဏ်)-မလှိုင်းမေဇင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်မြင့်သည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါက်တာဒေါ်ရင်ရင်မေ

### (ကလေးအထူးကုဆရာဝန်ကြီး)

### အသက်(၇၃)နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ တေးနုယဉ်လမ်း၊ အမှတ်(၅၅)နေ (ကျောက်စာဝန်တော်စိန်ခို-ဒေါ်မြ)၊ (ဦးမောင်ကြီး-ဒေါ်ညား)တို့၏ မြေး၊ (ရေနံ့နေကြီးတော်ကြံ့ဘွန်း-ဒေါ်နီ)တို့၏ သမီး၊ ဒေါ်ခင်ခင်ဆွေ-ဦးမြင့်သိန်း တို့၏ အစ်မ၊ ဒေါက်တာစိန်မောင် (ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)၏ ဇနီး၊ ဒေါ်အေးအေးမာ-Robert Czincila၊ ဒေါ်ရင်ရင်မာ-ဦးညီညီဆွေ(Johannes Chan)၊ ဦးအောင်မင်းတို့၏ မွေးသမိခင်၊ May Gangaw Chan၊ Megan Thazin Chanတို့၏ အဘွားသည် ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော်  မေ ၂၇**

ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရေးဆွဲဆောင်ရွက်**

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ခေတ္တအမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက နိုင်ငံတော်အစိုးရ၏ တတိယ (၁) နှစ်တာကာလအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိသောဥပဒေများကို ပြောင်းလဲလာသည့်ခေတ်စနစ်နှင့် လိုက်လျောညီထွေပြီး အစိုးရ၏မူဝါဒနှင့် ကိုက်ညီမှုရှိမည့် ပြည်သူလူထုတို့၏ အကျိုးစီးပွားကို ကာကွယ်သည့်ဥပဒေ ဖြစ်စေရေးတို့အတွက် လက်ရှိစီမံခန့်ခွဲလျက်ရှိသော ဥပဒေ ၂၂ ခု အနက် မူလအတိုင်းထားရှိမည့် ဥပဒေ ရှစ်ခု၊ ပြင်ဆင်ရေးဆွဲခဲ့သည့် ဥပဒေ တစ်ခု၊ ရုပ်သိမ်းပြီး အသစ်ရေးဆွဲခဲ့သည့် ဥပဒေ နှစ်ခု၊ ရုပ်သိမ်းရန် အသစ်ရေးဆွဲလျက်ရှိသော ဥပဒေ ရှစ်ခု၊ ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိသည့် ဥပဒေ

**စာမျက်နှာ ၆ ကော်လံ ၁ သို့ »»»**




ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။



၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာအမျိုးသမီးအသင်းကို တွေ့ရစဉ်။

## ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ရလဒ်ကောင်းရန် ပြင်ဆင်မည်

**ရန်ကုန် မေ ၂၇**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုများထွက်ပေါ်လာပြီးနောက် အုပ်စုကျပ်အတွင်းကျရောက်ခဲ့သည့် မြန်မာအသင်းသည် ရလဒ်ကောင်းရရန် ပြင်ဆင်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ❍**

## သတင်းအတု/အယောင်များ၊ သတင်းမှားများနှင့် သတင်းခိုးကူးနေသည့် အွန်လိုင်းဝက်(ဘ်) ဆိုဒ်များ၊ ဆိုရှယ်မီဒီယာပေ့ချ် အမည်စာရင်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်ကြေညာ

ရန်ကုန်  မေ ၂၇

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းထုတ်ပြန်ချက် ၁၀/၂၀၁၉ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။**

အဆိုပါ ထုတ်ပြန်ချက်ကို သတင်းအတု/ အယောင်များ၊ သတင်းမှားများနှင့် သတင်းခိုးယူနေသည့် အွန်လိုင်း ဝက်(ဘ်) ဆိုဒ်များ၊ ဆိုရှယ်မီဒီယာပေ့ချ်များအား ကြေညာခြင်းဟု ခေါင်းစဉ်တပ်ထားပြီး ယင်းထုတ်ပြန်ချက်၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၂ ရက် သတင်းထုတ်ပြန်ချက် အမှတ် (၇/၂၀၁၉) အရ သတင်းခိုးကူးမှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဧပြီ ၃၀ ရက် ပြန်ကြားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့သော မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✻**

## ပိုဟန်စတီးလားစ်နှင့် မြန်မာအသင်းများ၏ ခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန်  မေ ၂၇**

K-League တွင် ယှဉ်ပြိုင်ကစားနေသည့် တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းသည် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ လာရောက်ကစားမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် MFF အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝင်ကြေးအခမဲ့သတ်မှတ်**

ခြေစမ်းပွဲအဖြစ် မေ ၂၈ ရက်တွင် ပိုဟန်စတီးလားစ်အသင်းနှင့် ရှောဝတီအသင်း၊ မေ ၃၀ ရက်တွင် ပိုဟန်စတီးလားစ်အသင်းနှင့် မြန်မာယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲနှစ်ပွဲစလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ သတ်မှတ်ထားကာ ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖**

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော်  မေ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"
Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682
Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com